မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၄၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အနာဂတ်၏ ခေတ်သစ်တစ်ခုဆီသို့ တည်ငြိမ်ချောမွေ့စွာ ကူးပြောင်းရေး ဘက်စုံကဏ္ဍစုံတွင် မနားမနေ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဒေသအသီးသီး၊ ကဏ္ဍအသီးသီးတွင် အရှိန်အဟုန်ဖြင့် အောင်မြင်မှုများရရှိနေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတား ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရခိုင်ပြည်နယ် စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါဆိပ်ခံတံတားရှေ့ရှိ မဂ်လာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

မြန်မာ့အလင်း

ပြည်တွင်း သတင်း အညွှန်း

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ

၂၀၀၇ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေးနှင့် ယခင်ကျင်းပခဲ့သည့် ကျောက်မျက်ရတနာပြပွဲများနည်းတူ စံချိန်တင် ရောင်းချရရှိနိုင်ရေးအတွက် အားလုံး တက်ညီလက်ညီ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်။

သတင်းအကျယ် (စာ-၁၂) တွင် ဖတ်ရှုနိုင်ပါသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကရေယာဉ်ပိုင်ရှင်များ၊ အရဏ်ဦးကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပန်းဖွားအကအဖွဲ့၊ ဘင်ခရာအဖွဲ့နှင့် ဒေသခံတိုင်းရင်းသား ပြည်သူများတက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ၂၀၀၄ ခုနှစ်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့အနီး ပင်လယ်ပြင်ကို ဇဟိုပြုတိုက်ခတ်ခဲ့သည့် လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့ရသည့် စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ဆိပ်ခံတံတားဟောင်းနေရာတွင် အသစ်တည်ဆောက်ခဲ့သည့် ဆိပ်ခံတံတားသစ်ကြီး ဖွင့်ပွဲအခမ်းအနားဖြစ်သည့်အတွက် *စာမျက်နှာ ၈ ကော်လံ ၁*

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

ပို့ဆောင်ရေးကဏ္ဍတိုးတက်ဆောင်ရွက် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုး

အမျိုးသားစီးပွားရေး ဖွံ့ဖြိုးစည်ပင်အောင် ဆောင်ရွက်ရာတွင် ပို့ဆောင်ရေးကဏ္ဍသည် အရေးပါသော ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ် ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အတွင်း နယ်မြေဒေသအနှံ့ ခရီးပေါက်နိုင်မည့် လမ်းသစ်ကြီးများ၊ တံတားသစ်ကြီးများ နိုင်ငံနှင့်အဝန်း ပေါ်ထွန်းလာခြင်းနှင့်အတူ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခဲ့ရာ ပြည်-အောင်လံ-တောင်တွင်းကြီးကို ဆက်စပ်ပြီး ရန်ကုန်မှ ပုဂံ-ညောင်ဦး-မြင်းခြံ-မန္တလေးအထိလည်းကောင်း၊ ပုံတောင်ပုံညာတောင်တန်းကို ဖြတ်၍ ပခုက္ကူ-ကျောက်မှတစ်ဆင့် ဂန့်ဂေါ-ကလေးသို့လည်းကောင်း၊ ရှမ်းရိုးမတောင်တန်းကို ဖြတ်ကျော်ပြီး ရွှေညောင်-တောင်ကြီး-နမ့်စန်သို့လည်းကောင်း ဖောက်လုပ်ပေးခဲ့သည်။

လေကြောင်း ပို့ဆောင်ရေးကဏ္ဍအနေဖြင့်လည်း နိုင်ငံတကာနှင့် ကူးသန်းဆက်သွယ်ရေး၊ စီးပွားကုန်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း မြှင့်တင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်များသာမက လေယာဉ်ပြေးလမ်း ပေ၅၀၀၀အထက် လေယာဉ်ကွင်း ၂၁ကွင်းမှ ၃၈ကွင်းအထိ ဖောက်လုပ်ခဲ့နိုင်ပြီး ဂျက်လေယာဉ်ဆင်းကွင်း ၂၈ကွင်းအထိ အဆင့်မြှင့်တင် ပေးခဲ့သည်။ ထို့အပြင် ပုဂ္ဂလိက လေကြောင်းလိုင်း အသစ်များကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

အလားတူပင် နိုင်ငံတကာ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် ခေတ်မီ ကုန်တင်ကုန်ချ ကိရိယာများ၊ ခေတ်မီ ကုန်သေတ္တာစခန်းများ တည်ဆောက်လျက်ရှိသည့်အပြင် မြစ်ကြောင်းကြီးများအတွင်း ပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာနိုင်အောင် ရေလမ်းကြောင်း ရှင်းလင်းမှုများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက် ရှိသည်။

နိုင်ငံတော်က ပို့ဆောင်ရေးကဏ္ဍကို တိုးတက်ဆောင်ရွက်ပေးလျက်ရှိရာ ကုန်သွယ်မှုလုပ်ငန်းများ သွက်လက် လျင်မြန်လာသည်နှင့်အမျှ ကူးသန်းရောင်းဝယ်ဖောက်ကားမှု တိုးတက်ပြီး ပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးလာမည် ဖြစ်ပေသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၂-၂၀၀၇
(တနင်္လာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ လွတ်လပ်မှုနိဗ္ဗာန်ရမည် တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒ)
- ၈:၂၀ အားသစ်လောင်းမည့် သရုပ်ဆောင်သစ်ကဏ္ဍ
- ၈:၅၀ တေးဂီတအစီအစဉ်
- ၈:၅၅ Fashion Guide (မယ်လိုဒီ)
- ၉:၁၅ တေးဂီတအစီအစဉ်
- ၉:၂၀ စာပေပညာရှင်များပူဇော်ပွဲနှင့် မြန်မာစာဂုဏ်ထူးရှင်များဂုဏ်ပြုပွဲ
- ၉:၃၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၄၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၁၀:၀၅ တေးဂီတအစီအစဉ်
- ၁၀:၁၀ အဆင်းရောအချင်းပါပြည့်စုံတဲ့ မြစ်မင်းဧရာဝတီကို စုန်ဆင်းခြင်း ခရီးတစ်ခေါက်
- ၁၀:၄၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (အမျိုးသမီး မီးယပ်ရောဂါဆိုင်ရာ ပြဿနာများ)
- ၁၁:၁၅ မိုးလေဝသခန့်မှန်းချက်
- ၁၁:၂၀ ရော်ဘာစိုက်ပျိုးပြည့်အကျိုး ဆတိုးဆောင်ရွက်စီးပွားတက်
- ၁၁:၃၀ တေးဂီတအစီအစဉ်
- ၁၁:၃၅ ကျန်းမာစေမည့်ပဲပိစပ်ဆီ
- ၁၁:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၅၅ အဏ္ဏဝါထဲမှရတနာ(ကဏန်းပျော့)
- ၁၂:၀၅ တေးဂီတအစီအစဉ်
- ၁၂:၁၀ အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ (စိုးသူ၊ နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းချာန်သစ်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)
- ၁၂:၂၀ နိုင်ငံတကာ သတင်းအကျဉ်း
- ၁၂:၂၅ သွားကျန်းမာရေး ပညာပေးဟောပြောပွဲနှင့်အခမဲ့ကွင်းဆင်းကုသခြင်း
- ၁၂:၅၅ တေးဂီတအစီအစဉ်
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အမှတ် ဘီ-၁/၄ အနော်ရထာအိမ်ရာ လှည်းတန်း ကမာရွတ်မြို့နယ်နေ ဦးမြတ်လှ-ဒေါ် အေး အေး၊ သမီး မဝါဝါမြတ်၊ သား မောင်ကောင်းမြတ်ဟိန်း၊ မောင်အာကာဟိန်း၊ မရည်မွန် မင်း အောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် ၁၀သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်တို့က လက်ခံယူကြစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တောင်သာမြို့ တိုးချဲ့ရေပေးဝေရေးလုပ်ငန်း အလှူငွေပေးအပ်ပွဲ စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့တိုးချဲ့ရေပေးဝေရေးလုပ်ငန်း အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်က တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း တက်ရောက်အားပေးသည်။

အခမ်းအနားတွင် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ တောင်သာမြို့ (၆)ရပ်ကွက်က လှူဒါန်းငွေကျပ် သိန်း ၃၀ နှင့် ငါးသောင်းကို လှူဒါန်းရာအမှတ် (၁)ရပ်ကွက် ပြည်သူများကိုယ်စား ဦးတိုးမောင်ကလည်းကောင်း၊ အမှတ် (၂)ရပ်ကွက် ပြည်သူများကိုယ်စား ဦးညွန့်တင်၊ အမှတ်(၃)ရပ်ကွက် ပြည်သူများကိုယ်စား ဦးလှဝင်း၊ အမှတ် (၄)ရပ်ကွက် ပြည်သူများကိုယ်စားဦးရာစိုး၊ အမှတ်(၅)ရပ်ကွက် ပြည်သူများကိုယ်စား ဦးအောင်ရွှေ၊ အမှတ်(၆)ရပ်ကွက် ပြည်သူများကိုယ်စား ဦးဇင်တို့က အလှူငွေများကိုပေးအပ်ရာ မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးခင်မောင်တင်က လက်ခံသည်။

အလှူငွေ

ဆက်လက်၍ မန္တလေးမြို့မှ အလှူရှင်များက အလှူငွေများကိုပေးအပ်ကြရာ (AAA)ဘိလပ်မြေ ဦးရွှင်ကျောက် က ငွေကျပ်သိန်း ၂၀၊ ပဒေသာကျော် ကုမ္ပဏီ ဦးကျော်ဝင်းနှင့် ဂရိတ်ဝေါကုမ္ပဏီမှ ဦးတင်မောင်တို့က ငွေကျပ် ၁၀သိန်းစီ၊ Man Star ကုမ္ပဏီမှ ဦးမြင့်ဆွေ၊ ကြယ်တာယာကုမ္ပဏီမှ ကိုအောင်နိုင်ဦး၊ UD ကုမ္ပဏီမှ ဦးခင်မောင်ဝင်း၊ မော်တော်ယာဉ်ထုတ်လုပ်ရေး ဦးသိန်းဇော်နှင့် ဟိုက်တက်သစ်စက် ဦးအောင်ဝင်းခိုင်တို့ကငွေ ကျပ်ငါးသိန်းစီတို့ကို အလှူရှင်များကိုယ်စား ပဒေသာကျော်ကုမ္ပဏီ ဦးကျော်ဝင်းက ပေးအပ်လှူဒါန်းရာ တောင်သာမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်းကလက်ခံသည်။ ဆက်လက်၍ ရန်ကုန်မြို့မှ အလှူရှင်များက အလှူငွေများကိုပေးအပ်ရာ Fortune ကုမ္ပဏီမှ ဦးမြဟန်ကငွေကျပ်သိန်း ၃၀၊ UP II မော်တော်ယာဉ်ထုတ်လုပ်ရေး ဦးခင်မောင်မြင့်-ဒေါ်ဝေဝေ၊ MAX ကုမ္ပဏီ ဦးကြည်လွင်၊ TMA ကုမ္ပဏီမှ ဦးသန်းအောင်-ဒေါ်အေးအေးလွင်နှင့် မာရှန်းကုမ္ပဏီမှဒေါ်ညွန့်ညွန့်အောင်တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးမင်းကျော်ဦး-ဒေါက်တာ နှင်းနှင်းလူ မိသားစုက ငွေကျပ်ငါးသိန်း တို့ကို အလှူရှင်များကိုယ်စား Fortune ကုမ္ပဏီ ဦးမြဟန်က ပေးအပ်လှူဒါန်းရာ ဒုတိယရဲမှူးကြီး စိုးလွင်က လက်ခံသည်။ ထို့နောက် ရန်ကုန်မြို့မှ အလှူရှင်များက ဆက်လက်လှူဒါန်းရာ Golden Cougar ကုမ္ပဏီမှ ဦးထင်အောင်ကျော်က ငွေကျပ်သိန်း၃၀၊ ရတနာမိုးကုမ္ပဏီ ဦးလှမိုး၊ ACE ကုမ္ပဏီမှ Mr. Chan၊ ရွှေနန်းတော် ကုမ္ပဏီမှ ဒေါက်တာအောင်ကျော်ဝင်းတို့က ငွေကျပ်သိန်း ၂၀စီ၊ IBTC ကုမ္ပဏီမှ ဦးအောင်မိုးကျော်၊ နဝရတ်ကုမ္ပဏီမှ ဦးရဲဝင်း၊ Pacific High Tech မှ ဦးထွန်းနိုင်တို့က ငွေကျပ် ၁၀ သိန်းစီတို့ကို အလှူရှင်များ ကိုယ်စား Golden Cougar ကုမ္ပဏီမှ ဦးထင်အောင်ကျော်က ပေးအပ်လှူဒါန်းကြရာ မြင်းခြံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးအောင်ဖဲက လက်ခံသည်။

ဆက်လက်၍ အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ Myanmar Bestin ကုမ္ပဏီမှ ဦးထက်ညီကငွေကျပ်သိန်း၅၀၊ AHK ကုမ္ပဏီမှ ဦးဝင်းအောင်၊ Mr. Dingyi ကုမ္ပဏီမှ TIAMJIM နှင့် Yellow Flower ကုမ္ပဏီမှ ဒေါ်ဌေးဌေးမော် (MCC)တို့က ငွေကျပ်သိန်း ၃၀စီ၊ အေသုံးလုံးကုမ္ပဏီမှ ဦးကျော်အေးနှင့် တက်နေကုမ္ပဏီမှ ဦးဘိုဆိုင်-ဒေါ်သန်းသန်းအေးတို့က ငွေကျပ်သိန်း ၂၀တို့ကိုအလှူရှင်များကိုယ်စား Myanmar Bestin ကုမ္ပဏီမှ ဦးထက်ညီက ပေးအပ်လှူဒါန်းရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လက်ခံသည်။

ဆက်လက်၍ အလှူရှင်များက ဆက်လက်လှူဒါန်းရာ Mather Trading ကုမ္ပဏီမှ ဦးအောင်မြတ်က ငွေကျပ်သိန်း ၅၀၊ Yangon Crown Wire ကုမ္ပဏီမှ ကိုတီးတီး၊ T &C ကုမ္ပဏီမှ ဦးဝင်းကျော်၊ စက်မှု/ကုန်သည်များအသင်းမှ ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ Associate ကုမ္ပဏီမှ ဦးမောင်မောင်နှင့် အောင်ဘရားသားကုမ္ပဏီမှ ဦးစိုင်းအောင်ကျော်တို့က ငွေကျပ်သိန်း ၃၀စီတို့ကို ပေးအပ်လှူဒါန်းကြရာ အလှူရှင်များကိုယ်စား Mather Trading ကုမ္ပဏီမှ ဦးအောင်မြတ်က ပေးအပ်ပြီး ဗဟိုအတွင်းရေးမှူးဝန်ကြီးက လက်ခံသည်။

ပေးအပ်လှူဒါန်း

လှူဒါန်းပွဲတွင် ကျော်သာကုမ္ပဏီမှ ဦးဝင်းလွင်၊ ပြည့်ဖြိုးအောင်ကုမ္ပဏီမှ ဦးအောင်ကျော်မိုး၊ အရဏ်ဦး ကုမ္ပဏီမှ ဦးဇော်ဝင်းနှင့် ယုဇနကုမ္ပဏီမှ ဦးဌေးမြင့် တို့က ငွေကျပ်သိန်း ၅၀စီ၊ ထူးမော်ကုမ္ပဏီမှ ဦးမောင်မောင်ဌေးနှင့် ပတ္တမြားနဂါးကုမ္ပဏီမှ ဦးနေဝင်းထွန်းတို့က ငွေကျပ်သိန်း ၃၀စီတို့ကို အလှူရှင်များကိုယ်စား ကျော်သာကုမ္ပဏီမှ ဦးဝင်းလွင်က ပေးအပ်လှူဒါန်းရာ ဗဟိုအတွင်းရေးမှူးဝန်ကြီးက လက်ခံသည်။

ဆက်လက်၍ လွယ်ဟိန်းကုမ္ပဏီမှ ဒေါက်တာစိုင်းစံထွန်း၊ First Top ကုမ္ပဏီမှ ဦးအောင်မင်း၊ ဦးဇော်ဇော်၊ ရတနာသိင်္ဂီကုမ္ပဏီမှ ဦးအိုက်ရီ၊ နဝရတ်သကြားစက်မှ ဦးဇော်မင်းနှင့် ရွှေသံလွင် ကုမ္ပဏီမှ ဦးကျော်ဝင်းတို့က ငွေကျပ် သိန်း ၅၀စီ တို့ကို အလှူရှင်များကိုယ်စား လွယ်ဟိန်းကုမ္ပဏီမှ ဒေါက်တာ စိုင်းစံထွန်းက ပေးအပ်လှူဒါန်းရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက လက်ခံသည်။

လက်ခံ

ယင်းနောက် မြို့နယ်ပြည်သူလူထုက လှူဒါန်းသော ငွေကျပ်သိန်း ၂၀၀ကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသောင်းစိန်က ပေးအပ်လှူဒါန်းရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက လက်ခံသည်။

ဆက်လက်၍ မြို့နယ်မော်တော်ယာဉ်အသင်းမှ လှူဒါန်းငွေကျပ် သုံးသိန်းကို မော်တော်ယာဉ်အသင်း ဥက္ကဋ္ဌ ဦးသာဒင်ကပေးအပ်ပြီးတောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းစိန်က လက်ခံသည်။

လှူဒါန်း

ယင်းနောက် မြင်းခြံမြို့နယ် ရပ်မိရပ်ဖ ဦးချစ်တင်က ဇေယျာဝင်း ဆီစက်မှ ဦးဝင်းမြင့်၏ ကိုယ်စား အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းစိန်က လက်ခံသည်။

ထို့နောက် တောင်သာမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ တောင်သာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့တို့က လှူဒါန်းငွေကျပ် ၁၀သိန်းစီကို တာဝန်ရှိသူများကပေးအပ်ရာ တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက လက်ခံသည်။ တောင်သာမြို့ တိုးချဲ့ရေပေးဝေရေး လုပ်ငန်းလုပ်ဆောင်ရန်အတွက် လှူဒါန်းရရှိငွေ စုစုပေါင်းမှာ ငွေကျပ်သိန်း ၁၆၅၁သိန်း ငါးသောင်း ဖြစ်သည်။ **(သတင်းစဉ်)**

* ကျောဖုံးမှ

စေတနာထားဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် နံနက်၉နာရီတွင် လှိုင်ကော်မြို့မြောက်ဘက် ၁၈ မိုင်ခန့်အကွာ ဘီလူးချောင်းပေါ်၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း မိုးဗြဲရေလှောင် တမံသို့ ရောက်ရှိကြပြီး မော်တော်ယာဉ်ဖြင့် တမံပေါင်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးခင်မောင်အေး၊ စက်ရုံမှူး ဦးဟုတ်ရှိန်တို့က လိုက်လံရှင်းလင်းပြသ ကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့၌ အားထားရသော မိုးဗြဲရေလှောင် တမံရေရှည်ခိုင်ခံ့ကောင်းမွန်ရေးနှင့် ရေသိုလှောင်မှုချွတ်ယွင်းချက် မရှိစေရေးအတွက် ဝန်ထမ်းများအနေဖြင့် စေတနာထားပြီး အမြဲမပြတ် အထူးဂရုပြု ထိန်းသိမ်းဆောင်ရွက်သွားရေး မှာကြားသည်။

မိုးဗြဲရေလှောင်တမံကို ဘီလူးချောင်းရေအားလျှပ်စစ် အမှတ်(၁)နှင့် အမှတ်(၂) ဓာတ်အားပေးစက်ရုံ(လောပိတ)မှ လျှပ်စစ်ဓာတ်အားကို အဆက်မပြတ် ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့်ရေကို သိုလှောင်ထုတ်လွှတ်ပေးရန်၊ လယ်မြေဧက ၂၀၀၀၀ကို စိုက်ပျိုးရေပေးဝေရန်နှင့် ရှမ်းပြည်နယ် အင်းလေးကန်နှင့် ကယားပြည်နယ် လှိုင်ကော်မြို့အကြား ရေကြောင်းသွားလာပို့ဆောင်ရေး တိုးတက်ကောင်းမွန်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအရှည်ပေ ၈၁၀၀၊ တမံအမြင့် ပေ ၆၀ ဖြစ်သည်။ ရေလှောင်ကန်၏ အမြင့်ဆုံးရေအမှတ်မှာ ပင်လယ်ရေမျက်နှာပြင်မှ ၂၈၉၇ ဒသမ ၇၀ပေ၊ ၁၉၉၇ခုနှစ် အနိမ့်ဆုံး ရေအမှတ်မှာ ပင်လယ်ရေမျက်နှာပြင်မှ ၂၈၇၄ ဒသမ ၄၂ ပေ၊ ပုံမှန်ရေမျက်နှာပြင်အမှတ်မှာ ၂၈၉၇ ပေ ဖြစ်သည်။ ၁၉၇၁ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ နှစ်၃၀ ပျမ်းမျှရေလှောင်ကန်၏အမြင့်မှာ ပင်လယ်ရေမျက်နှာပြင်မှ ၂၈၉၃ပေ ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး ဖယ်ခုံမြို့အဝင် မိုးဗြဲရေလှောင် တမံ ကမ်းနဖူးမှနေ၍ မိုးဗြဲရေလှောင်ကန်၏ ရေသိုလှောင်ထားရှိမှုနှင့် ရေထုတ်တံခါးများမှ ရေထုတ်လွှတ်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ဖယ်ခုံမြို့ နယ်မြေခံ တပ်နယ်ခန်းမ၌ ဖယ်ခုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။

ပံ့ပိုးကူညီ

ထိုသို့ တွေ့ဆုံမှာကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပြီး တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး လုပ်ငန်းများဖြင့် ဒေသအတွင်း စီးပွားရေးလုပ်ဆောင်ကြရေးနှင့် ဒေသခံတောင်သူများအားလည်း လိုအပ်သည်များ ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့်အဖွဲ့သည် ဖယ်ခုံမြို့ နယ်မြေခံ တပ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တပ်ရင်းခန်းမ၌ တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ရေး မှာကြားပြီး ထောက်ပံ့ငွေကျပ် ၁၀သိန်း ပေးအပ်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် လှိုင်ကော်–ပင်လောင်း–တောင်ကြီးလမ်းအတိုင်း ဆက်လက်ထွက်ခွာလာပြီး လမ်း၊ တံတားအခြေအနေနှင့် လမ်းဘေးဝဲ၊ ယာရှိ တောင်စောင်းများနှင့် လမ်းဘေးတို့တွင် စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများနှင့် အခြားသီးနှံများဖြစ်ထွန်းအောင်မြင်မှုအခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် နောင်တရားမြို့ အောင်ပန်း–လှိုင်ကော် ကားလမ်းအရှေ့ဘက်၌ Dragon Cement Co., Ltd. ၏ နဂါးဘိလပ်မြေစက်ရုံ စီမံကိန်း (တီကျစ်)သို့ ရောက်ရှိကြရာ Dragon Cement Co.,Ltd. ဥက္ကဋ္ဌ ဦးနေဝင်းထွန်းက စီမံကိန်းလုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ အဆောက်အအုံများ ဆောက်လုပ်မှု၊ စက်ပစ္စည်းများရောက်ရှိမှု၊ ကုန်ကြမ်းရရှိရေး အစီအမံများကိုလည်းကောင်း၊ စီမံကိန်းမန်နေဂျာ ဦးကျော်လွင်က စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရှင်းလင်း တင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ပုဂ္ဂလိက စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးမှုများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

စံချိန်စံညွှန်းမီ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပြီး သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းဖြစ်၍ စက်ရုံတည်ဆောက်စဉ်ကပင် ချို့ယွင်းအားနည်းချက်များ မရှိစေရေးအတွက် တည်ဆောက်ပြီး အခြား ဘိလပ်မြေစက်ရုံများသို့လည်း သွားရောက်လေ့လာ၍ စနစ်တကျ စီမံဆောင်ရွက်သွားရန်နှင့် ကုန်ချောများကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ပါ ထိုးဖောက် တင်ပို့ရောင်းချနိုင်အောင် အရည်အသွေး စံချိန်စံညွှန်း ပြည့်မီအောင် စီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် စက်ရုံအဆောက်အအုံများ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဘိလပ်မြေစက်ရုံသည် တစ်နေ့လျှင် ဘိလပ်မြေတန် ၆၀၀ ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် ပင်လောင်း–ကလော–အောင်ပန်း–ညောင်ရွှေ–တောင်ကြီးကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး လမ်းတစ်လျှောက်လမ်းဘေးဝဲယာ၌ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးထားသော ကြက်သွန်၊ နေကြာ၊ ပဲစင်းငုံခင်းများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုအခြေအနေများ၊ လမ်း၊ တံတား အခြေအနေများနှင့် မြို့များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာလှပမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

နှစ်သစ်ကူးရုံးပိတ်ရက်သတ်မှတ်ခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ် ၁/၂၀၀၇)
၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

နှစ်သစ်ကူးရုံးပိတ်ရက်သတ်မှတ်ခြင်း

သင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ နှစ်သစ်ကူး အခါသမယဖြစ်ပါသည်။ ထိုနှစ်သစ်ကူး အခါသမယတွင် မြန်မာ့ရိုးရာ ရေပက်ဖျန်းကစားခြင်း၊ စေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန်ဘုရားများသို့ သွားရောက်၍ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ သက်ကြီးရွယ်အို အဘိုးအဘွားများအား ကန်တော့ခြင်း၊ အလှူအတန်းများ ပြုလုပ်ခြင်း စသည်တို့ ပြုလုပ်နိုင်ရန်နှင့် နိုင်ငံ့ဝန်ထမ်းများ တစ်နှစ်တာအတွက် အနားယူ အပန်းဖြေနိုင်စေရန်အလို့ငှာ နှစ်စဉ်သင်္ကြန်အကြိုနေ့မတိုင်မီ တစ်ရက်မှစ၍ (၁၀)ရက်တိတိကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်သစ်ကူးရုံးပိတ်ရက်အဖြစ် သတ်မှတ်လိုက်သည်။

အမိန့်အရ–

(ပုံ) **သိန်းစိန်**
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ခေါင်လန်ဖူးနှင့် ပန်နန်းဒင်ဒေသတို့၌ မြဝတီရုပ်မြင်သံကြားအစီအစဉ် စတင်ထုတ်လွှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ အစီအစဉ်အရ ကချင်ပြည်နယ် ခေါင်လန်ဖူးနှင့် ပန်နန်းဒင်ဒေသတို့၌ (၁၀)ဝပ်လွှင့်အားရှိ မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်များ တပ်ဆင်ပေးခဲ့ရာ ပန်နန်းဒင်တွင် ဇန်နဝါရီ ၂၃ရက် ညနေပိုင်းအစီအစဉ်များမှစတင်၍လည်းကောင်း၊ ခေါင်လန်ဖူးတွင် ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းအစီအစဉ်များမှ စတင်၍လည်းကောင်း အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

ယခုအခါ ယင်းဒေသများ၌ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်နှင့် မြဝတီရုပ်မြင်သံကြားအစီအစဉ်နှစ်မျိုးစလုံးကို ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်၍ ဒေသခံပြည်သူများ ပျော်ရွှင်ဝမ်းမြောက်နေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သန်းသန်းနွဲ့ အခြေခံပန်းအလှပြင်သင်တန်းတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၉–၂–၂၀၀၇ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၁၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၂၀ ၇။ အရေးပြိုင်ပွဲ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Grammar made Easy
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၇:၀၀ ၅။ အကပဒေသာ
- ၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၃၀ ၇။ မြန်မာ့ရိုးရာတောဓလေ့ ကျေးလက်တေးသံများ
- ၁၇:၄၀ ၈။ **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** (လူကူးမျဉ်းကျားမှ ကူးမယ်)
- ၁၇:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
- ၁၉:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ညီမ ငယ်ပါသေး"** (အပိုင်း–၁၇)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း–၂၅)
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး အခြေခံပန်းအလှပြင်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အခြေခံပန်းအလှပြင်သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်ခင်သောင်း၊ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ တိုင်း၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီနှင့် သူနာပြုသင်တန်းသူများ၊ အခြေခံပန်းအလှပြင်သင်တန်းသူများ တက်ရောက်ကြသည်။

ဆုများပေးအပ်

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သန်းသန်းနွဲ့က အမှာစကားပြောကြားသည်။ ယင်းနောက် သင်တန်းနည်းပြ ဒေါက်တာစောသန္တာမြင့်က သင်တန်းနှင့်ပတ်သက်၍ ခြုံငုံသုံးသပ်တင်ပြကာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်ခင်သောင်းက နှစ်သိမ့်ဆုရရှိသူ တစ်ဦးချင်းအား ဆုများပေးအပ်သည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သန်းသန်းနွဲ့က ပန်းအလှပြင်ပြိုင်ပွဲတွင် တတိယဆုကို ဇလွန်မြို့နယ်၊ ဒုတိယဆုကို မအူပင်မြို့နယ်၊ ပထမဆုကို ဒေးဒရဲမြို့နယ်မှရရှိသည့် သင်တန်းသူများအားလည်းကောင်း၊ သင်တန်းနည်းပြ ဒေါ်စောသန္တာမြင့်အား ဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး သင်တန်းသူများ၏ ပြိုင်ပွဲဝင်လက်ရာများကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါအခြေခံပန်းအလှပြင်သင်တန်းသို့ မြို့နယ်များမှ သင်တန်းသူ ၅၂ဦးတို့က နှစ်ရက်ကြာ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေတုံးပုံသဏ္ဌာန် ချောကလက်

ဂျပန်နိုင်ငံ တိုကျိုမြို့အရှေ့ပိုင်း၌ ကျင်းပသော ကုန်စည်ပြပွဲတွင် ပြသထားသည့် ရွှေတုံးပုံသဏ္ဌာန် ချောကလက်တုံးများကို ဖေဖော်ဝါရီ ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါမှု နှစ်သစ်ကူးမိန့်ခွန်း၌ တရုတ်ဝန်ကြီးချုပ် ပြောကြား

ပေကျင်း ဖေဖော်ဝါရီ ၁၈

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ၎င်း၏နှစ်သစ်ကူးမိန့်ခွန်းတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်မြှင့်တင်သွားပြီး ပြုပြင်ပြောင်းလဲမှုတိုးမြှင့်ကာ စီးပွားရေးတံခါးဖွင့်ထားမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူ့အသံကို နားစွင့်ထားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

ပြည်သူတို့၏နေ့စဉ်ဘဝ ပြဿနာများကို ဖြေရှင်းရန် စီးပွားရေး ဖွံ့ဖြိုးမှုကို အဓိကတာဝန်အဖြစ် မိမိတို့ ကြိုးပမ်းအားထုတ်ရမည် ဖြစ်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင် သဘာပတိအဖြစ် ဆောင်ရွက်သည့် တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပြောကြားသည်။

စောင့်ထိန်းရမည်

ပြည်သူ့ဘဝ တိုးတက်ရေးအတွက် ခိုင်မာသည့် အခြေခံတစ်ရပ် ချမှတ်ရန် တရုတ်ပြည်အနေဖြင့် သိပ္ပံနည်းကျပြီး သင့်တင့်ငြိမ်းချမ်းသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အကြီးအကျယ် လူမှုခနတိုးတက်မှုကို လိုက်နာစောင့်ထိန်းရမည် ဖြစ်ကြောင်း၊ ပြည်သူတို့၏ ဒီမိုကရေစီ အခွင့်အရေးနှင့် အကျိုးစီးပွားကို အကာအကွယ်ပေးရန်နှင့် လူမှုတရားမျှတမှုကို စောင့်ရှောက်ပေးရန် တရုတ်ပြည် အနေဖြင့် စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးပြုပြင် ပြောင်းလဲမှုများကို ဆက်လက် တွန်းအားပေးရမည် ဖြစ်ကြောင်း ပြောကြားကာ ဝန်ကြီးချုပ် ဝမ်ကြားပေါင်က တရုတ်ပြည်၏ ဆိုရှယ်လစ် ဈေးကွက်စီးပွားရေးပြုပြင်ပြောင်းလဲမှုကိုလည်း မီးမောင်းထိုးပြလိုက်သည်။

ပြည်သူ့သဘောထား

တရုတ်ကွန်မြူနစ်ပါတီနှင့် အစိုးရသည် ပြည်သူတို့၏လိုအပ်ချက်များကို နားလည်ရမည်ဖြစ်ပြီး ပြည်သူ့သဘောထားကို နားထောင်ကာ သူတို့၏ အခက်အခဲများကို ဂရုပြုပြီး လုပ်ကိုင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းစသည်ဖြင့် မစ္စတာဝမ်က ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နှစ်နိုင်ငံရုပ်ရှင်ပူးပေါင်းထုတ်လုပ်ရေး ဂျာမနီနှင့်အိန္ဒိယတို့ သဘောတူညီ

ဘာလင် ဖေဖော်ဝါရီ ၁၈

နှစ်နိုင်ငံ ရုပ်ရှင်ထုတ်လုပ်သူများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေးအတွက် သဘောတူညီမှုတစ်ရပ်ကို ဂျာမနီနှင့် အိန္ဒိယနှစ်နိုင်ငံတို့က ဖေဖော်ဝါရီ ၁၆ ရက်က သဘောတူ လက်မှတ်ရေးထိုးလိုက်ကြသည်။

လက်မှတ်ရေးထိုး

ယနေ့၌ ဂျာမနီနှင့် အိန္ဒိယနှစ်နိုင်ငံတို့ ရုပ်ရှင်ပူးပေါင်းထုတ်လုပ်မှုနှင့် ပတ်သက်ပြီး သဘောတူညီမှု ရရှိခဲ့ကြကြောင်း၊ ယခုကဲ့သို့ သဘောတူညီမှုရရှိခဲ့ကြခြင်းမှာ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် စီးပွားရေးနယ်ပယ်များတွင် အပြန်အလှန်အကျိုးပြုစေမည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဖရန့်ခ်ဝေါလ်တာစတင်မီရာက လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ ပြောကြားသည်။

နှစ်နိုင်ငံ ရုပ်ရှင်ထုတ်လုပ်သူများ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် နယ်ပယ်ကဏ္ဍ အများအပြား၌ ပူးတွဲလုပ်ဆောင်မှုများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

ခုနစ်နိုင်ငံမြောက်

ဂျာမနီနိုင်ငံသည် အခြား ၁၈နိုင်ငံနှင့်အတူ ရုပ်ရှင်လုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုအိန္ဒိယနှင့် သဘောတူညီမှု လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းမှာ ဂျာမနီနိုင်ငံအနေဖြင့် ဥရောပမဟုတ်သောနိုင်ငံများတွင် ခုနစ်နိုင်ငံမြောက် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်း ဖရန့်ခ်ဝေါလ်တာစတင်မီရာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နေတိုးတပ်ဖွဲ့များ ဗုံးကြဲတိုက်ခိုက် အာဖဂန်၌လူ ၃၀ သေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၁၈

ဇန်နဝါရီ ၁၄ ရက်က အာဖဂန်နစ္စတန်တောင်ပိုင်း ဟဲလ်မဲ(န်)(ဒ်)ပြည်နယ်မူဆာကာလာခရိုင် အုပ်ချုပ်ရေးဗဟိုဌာနအနီးရှိ ခြံဝင်းတစ်ခုကို နေတိုးလေကြောင်းတပ်ဖွဲ့များက ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း၊ အရပ်သား ၁၈ဦး အပါအဝင် လူ ၃၀ သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအကြီးအကဲ ဟာဂျီအိဘရာဟင်က ဆင်ဟွာသို့ ပြောကြားသည်။

မိသားစုဝင်

သေဆုံးသူ အရပ်သားများအားလုံးမှာ ခြံပိုင်ရှင် ဟာဂျီကာစင်၏ မိသားစုဝင်များဖြစ်ကြောင်း၊ အခြား ၁၂ ဦးမှာ တာလီဘန်စစ်သွေးကြွများ ဖြစ်ကြောင်း ၎င်းက ပြောခဲ့သည်။

အသင့်ပြင်ထား

ဖေဖော်ဝါရီ ၁ ရက်တွင် တာလီဘန်သောင်းကျန်းသူများ ၎င်းဌာနကို သိမ်းပိုက်ခဲ့ပြီးကတည်းက ၎င်းဌာနအပြင်ဘက်တွင် နေတိုးနှင့် အာဖဂန်တပ်ဖွဲ့ဝင်များ တပ်ဖြန့်ထားခဲ့ကြကြောင်း၊ စစ်သွေးကြွများနှင့် တိုက်ပွဲဖြစ်နိုင်သည့်အတွက် အသင့်ပြင်ထားကြောင်း ဖော်ပြသည်။

မဖော်ပြ

နေတိုးတပ်ဖွဲ့များ၏ နောက်ဆုံးထုတ်ပြန်ချက်တွင် ယင်းခရိုင်ရှိ အုပ်ချုပ်ရေး ဗဟိုဌာနအနီးရှိ ခြံဝင်းတစ်ခုကို လေကြောင်းတပ်ဖွဲ့က ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း၊ တာလီဘန်အကြီးအကဲ ခေါင်းဆောင်တစ်ဦး သေဆုံးခဲ့ဖွယ်ရှိကြောင်း ဖော်ပြခဲ့သည်။ တာလီဘန် စစ်သွေးကြွများနှင့် အရပ်သားများ သေဆုံးမှုရှိမရှိကိုမူ မဖော်ပြခဲ့ပေ။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဂျပန်ကမ်းလွန်၌ ကုန်တင်သင်္ဘောနစ်မြုပ်

တိုကျို ဖေဖော်ဝါရီ ၁၈

ဂျပန်နိုင်ငံ၏ ကမ်းလွန် ပစိဖိတ်သမုဒ္ဒရာအတွင်း မုန်တိုင်းမိသဖြင့် တောင်ကိုရီးယားနိုင်ငံမှ ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ သင်္ဘောသား သုံးဦး သေဆုံးပြီး ခြောက်ဦးပျောက်ဆုံးလျက် ရှိကြောင်း ကျိုဒိုသတင်းဌာနက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

ယင်းသို့ မုန်တိုင်းနှင့်ကြုံတွေ့နေရစဉ် အရေးပေါ်အချက်ပြပြီး ရှီမာမြို့မှ ကမ်းလွန် ၂၃ ကီလိုမီတာခန့်တွင် ရောက်ရှိနေကြောင်း အကြောင်းကြားပြီးနောက် တောင်ကိုရီးယားနိုင်ငံသို့ ဦးတည် ခုတ်မောင်းလာစဉ် ရေဝင်ခဲ့ရာမှ နစ်မြုပ်ရခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ နှင်းမုန်တိုင်းကျရောက်ပြီး လမ်းပေါ်၌ နှင်းများပိတ်ဆို့နေသည်ကို ဖေဖော်ဝါရီ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်တာနက်-ကျန်းမာရေး

အချိန်တိုအတွင်း တီဘီပျောက်ကင်းမည့် ဆေးဝါးများထုတ်လုပ်မည်

လန်ဒန် ဖေဖော်ဝါရီ ၁၈



လေးနှစ်ကြာ သုတေသနပြုချက်အရ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသော တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်း အောင်မြင်လျက်ရှိရာ ဝေဒနာရှင်များအား ယခုထက် အချိန်ပိုမိုတိုတောင်းစွာ ကုသနိုင်ရန်အတွက် စမ်းသပ်မှုများ ပြုလုပ်လျက်ရှိကြောင်း **(ယာပုံ)**ဇမ်ဘာဘွေနိုင်ငံ ကျန်းမာရေးဌာနမှ ဒေါက်တာစတန်လေမွန်ဂိုဖာက ပြောကြားလိုက်သည်။

လောလောဆယ်တွင် တီဘီရောဂါ တိုက်ဖျက်ရေးအဖြစ် ဆေးဝါးထုတ်လုပ်ခဲ့ရာ၌ ဝေဒနာရှင်များအတွက် ခြောက်လခန့် ဆေးဝါးတိုက်ကျွေးကုသရကြောင်း၊ ထို့ထက် အချိန်တိုတိုဖြင့် ပျောက်ကင်းနိုင်မည့် ဆေးဝါးများကို ထုတ်လုပ်နိုင်ရန် သုတေသန ပြုလျက်ရှိကြောင်းလည်း လန်ဒန် သုတေသန ပညာရှင်အဖွဲ့ တစ်ဖွဲ့က ပြောကြားသည်။

တီဘီရောဂါသည် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်လူ ၈ ဒသမ ၉ သန်း ကူးစက်ဖြစ်ပွားလျက်ရှိရာ ၂၀၀၄ ခုနှစ်က ကမ္ဘာတစ်ဝန်း၌ တီဘီရောဂါကြောင့် လူ ၁ ဒသမ ၇ သန်း သေဆုံးခဲ့ရသည်။

ထို့ကြောင့် အချိန်တိုအတွင်း ပျောက်ကင်းပြီး ကုန်ကျစရိတ် အလွန်သက်သာသော တီဘီရောဂါတိုက်ဖျက်ရေး ဆေးဝါးများထုတ်လုပ်ရန် သုတေသနပြုနေပြီဖြစ်ကြောင်း လန်ဒန်စိန်ဂျော့ဆေးရုံမှ ဒေါက်တာ အမီနာဂျင်ဒါနီက ပြောကြားသည်။ **(အင်တာနက်)**

အမျိုးသမီးများ လုပ်ငန်းခွင်၌ စိတ်အလိုမကျမှု များပြား

ဝါရှင်တန် ဖေဖော်ဝါရီ ၁၈

အမျိုးသမီးများအနေဖြင့် အလုပ်ခွင် အလုပ်လုပ်ကိုင်ရာ၌ လုပ်ဖော်ကိုင်ဖက် အမျိုးသားများထက် စိတ်အလိုမကျမှု ပိုမိုများနေတတ်ကြကြောင်း လေ့လာတွေ့ရှိရသည်ဟု အရီဇိုးနားတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။

ထို့အပြင် လုပ်ငန်းခွင်၌ အမျိုးသမီးများအနေဖြင့် ကိုယ်ဟန်ပြင်ဆင်ခြင်း၊ မျက်နှာခြယ်သခြင်းနှင့် စကားပြောဆိုခြင်းများသည် အမျိုးသားများထက် အဆ၄၀ ခန့် ပိုမိုပြုမူနေတတ်လေ့ရှိကြောင်းလည်း၎င်းတို့က ပြောကြားသည်။

သို့သော်လည်း လုပ်ငန်းခွင်၌ အမျိုးသားများထက် အမျိုးသမီးများက စားပွဲ၌ အချိန်ကြာမြင့်စွာ အလုပ်လုပ်တတ်ကြကြောင်း၊ ထိုသို့ လုပ်ကိုင်နိုင်မှု၌ အမျိုးသားများထက် သုံးရာခိုင်နှုန်းနှင့် လေးရာခိုင်နှုန်းကျော် ပိုမိုကြောင်း သုတေသနပညာရှင် ပါမောက္ခဆယ်လီဘရွမ်းဖီးလ်က ပြောကြားသည်။

ပြောကြား

လုပ်ငန်းခွင်၌ အမျိုးသမီးများ စိတ်အလိုမကျမှု များပြားခြင်းမှာ အမျိုးသားများထက် တည်ငြိမ်မှု လျော့နည်းပြီး စိုးရိမ်ပူပန်စိတ် များသောကြောင့် ဖြစ်ပြီး ဦးနှောက်မှ တုံ့ပြန်မှုလည်း အားနည်း၍ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။**(အင်တာနက်)**

ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်ဖြစ်ထွန်းရေး လူ့စွမ်းအားအရင်းအမြစ်သည် အရေးကြီး ပညာရပ်များကို မျိုးဆက်သစ်လူငယ်များအား စေတနာရှိရှိ ဖြန့်ဝေသင်ကြားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁၇ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက စစ်တွေလေဆိပ်တွင် ကြိုဆိုကြသည်။

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေတပ်နယ် အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် စစ်တွေလေယာဉ်ပြေးလမ်း ထပ်ပိုးလွှာတင်ခြင်း စီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက စစ်တွေလေဆိပ်၏ တည်နေရာ၊ နောက်ခံသမိုင်း၊ လက်ရှိ လေယာဉ်ပြေးလမ်း အခြေအနေ၊ လေယာဉ်ပြေးလမ်းဆိုင်ရာ အချက်အလက်များနှင့် လေယာဉ်ကွင်းတွင်း ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က ၂၀၀၆-၂၀၀၇ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ကျောက်ကတ္တရာ ပြေးလမ်းတွင် ထပ်ပိုးလွှာတင်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်၊ လေယာဉ်နားနေရာ တိုးချဲ့ခြင်း၊ လေယာဉ်ပြေးလမ်း မြေနိမ့်သောနေရာများ၌ လေးလက်မ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများ၊ ကုန်ကြမ်းပစ္စည်းစုဆောင်းမှုနှင့် မြေသားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပွင့်လင်းရာသီတွင် မြေသားလုပ်ငန်းများ အပါအဝင် လမ်းခင်းခြင်း၊ ကတ္တရာခင်းခြင်း လုပ်ငန်းများ ပြီးစီးနိုင်သမျှ ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းသုံးပစ္စည်းများဖြင့် လုပ်ငန်း အလျဉ်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် လမ်းခင်းကျောက်များ ခွဲစိတ်နေမှုနှင့် လေယာဉ်ပြေးလမ်းကို စက်ယန္တရားများဖြင့် မြေညှိဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လေယာဉ်ပြေးလမ်း တစ်လျှောက် မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စစ်တွေ လေယာဉ်ပြေးလမ်းထပ်ပိုးလွှာတင်ခြင်း စီမံကိန်းတွင် လက်ရှိလေယဉ်ပြေးလမ်း ပေ၆၀၀၀X ပေ၁၅၀ လေယာဉ်သွားလမ်း ၅၂၅ပေ X၇၅ပေ နှင့် လေယာဉ်နားနေရာ ပေ၆၀၀X ပေ၃၀၀ တို့တွင် ကျောက်ကတ္တရာဖြင့် အနိမ့်အမြင့်ညှိခြင်း၊ လေးလက်မထု နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာတင်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ လုပ်ငန်း ဆောင်ရွက်ပြီးစီးပါက လေယာဉ်ပြေးလမ်းသည် ခံနိုင်ဝန်အားပေါင် ၇၃၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

တွေ့ဆုံမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဘုမကျေးရွာရှိ စစ်တွေတက္ကသိုလ်တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ပါမောက္ခချုပ်၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ခေတ္တ ပါမောက္ခချုပ် ဦးဘရွှေက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ မြို့နယ်အလိုက် ကျောင်းသားဦးရေနှင့် ဆရာ ဆရာမ ဦးရေ၊ ဖွင့်လှစ်ထားရှိသော သင်တန်းများအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စစ်တွေခရိုင် အင်ဂျင်နီယာမှူး ဦးခင်မောင်ထွေးက စစ်တွေတက္ကသိုလ် ပင်မ သုံးထပ်ဆောင် ဆောက်လုပ်ရေး လုပ်ငန်းဆောင်ရွက်ထားမှု အခြေအနေနှင့် ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဖြန့်ဝေသင်ကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရှင်းလင်း တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အရေးကြီးသည့် လိုအပ်ချက် တစ်ရပ်ဖြစ်ရာ ဆရာဆရာမများသည် မိမိတို့ တတ်ကျွမ်းသည့် ပညာရပ်များကို မျိုးဆက်သစ်လူငယ်များအား စေတနာရှိရှိ အသိရှိရှိဖြင့် ဖြန့်ဝေသင်ကြားပေးခြင်းသည် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်း တာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ ပညာတတ် ဉာဏ်ရည်ထက်မြက်သည့် အနာဂတ်သားကောင်း လူငယ်များ မွေးထုတ်နိုင်ခြင်းသည် စံပြုရမည့် ဂုဏ်တစ်ရပ်အဖြစ် ခံယူပြီး ဆောင်ရွက်ကြရန်နှင့် တည်ဆောက်ပြီး ကျောင်းဆောင်များထိန်းသိမ်းရေး၊တည်ဆောက်မည့် ပင်မ ကျောင်းဆောင် အရည်အသွေး မြင့်မားသည့် အဆောက်အအုံအဖြစ် တည်ဆောက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် စစ်တွေတက္ကသိုလ်ဝင်းအတွင်း တည်ဆောက်မည့် ဘက်စုံသုံးထပ်ပင်မကျောင်းဆောင်သစ်ဆောက်လုပ်မည့် မြေနေရာနှင့် ဆောက်လုပ်ပြီး ကျောင်းဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

စစ်တွေတပ်နယ်

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် စစ်တွေတပ်နယ် အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ပြည်နယ်၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊လူမှုရေးဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်အဆင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်တွင် ယခင်နှစ်က မိုးစပါးစိုက်ဧက ၁၁သိန်းကျော် စိုက်ပျိုးခဲ့ပြီး ယခု၂၀၀၆-၂၀၀၇ခုနှစ်၌ မိုးစပါးဧက ၁၂သိန်းငါးထောင်ကျော် အထိ တိုးတက်စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း၊ နွေစပါး၊ ပဲ၊ ဆီထွက်သီးနှံတို့တွင်လည်း ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးလာနိုင်သည်ကို တွေ့ရကြောင်း၊ စိုက်ဧက တိုးလာသကဲ့သို့ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့် သုံးစွဲရေး၊ နည်းပညာပေးရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ ရရှိထားသည့်တိုးတက်မှု ခိုင်မာစေရန်နှင့်ပိုမိုတိုးတက်စေရန် နည်းလမ်းရှာဖွေပြီး ဆက်လက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ငရုတ်ကောင်း၊နှစ်ရှည်ပင် ရော်ဘာ ဧကတစ်သိန်း ပြည့်မီရေးနှင့် ဇီဝဒီဇယ်ဆီ ထုတ်ယူနိုင်သည့် ကြစ်ဆူ၊ပင်များကို သုံးနှစ်အတွင်းဧက ငါးသိန်း စိုက်ပျိုးနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းစိုက်ပျိုးသွားကြရန် လိုကြောင်း၊ ပုစွန် မွေးမြူရေးတွင်လည်း ဧကတစ်သိန်းခွဲရှိနေပြီဖြစ်ရာ အထွက်နှုန်းတိုးစေရေးနှင့်ပုစွန်တစ်သား၊ စပါး တစ်သီးစနစ်ကိုအောင်မြင်ရေးအတွက် နည်းပေးလမ်းပြ ဆောင်ရွက်ရန်လိုကြောင်း။

လက်တွဲဆောင်ရွက်

နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်းလုံး မျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ယခင်ကလမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ရခိုင်ပြည်နယ်တွင် လမ်း၊ တံတားများ ကွန်ရက်သဖွယ် တည်ဆောက်ပေးခဲ့သည်ကို အားလုံး အသိပင်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် အပါအဝင် ပြည်ထောင်စုကြီးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်နယ် အတွင်းရှိ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများသည် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဖူးမြော်ကြည်ညို

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည်အဖွဲ့ဝင်များလိုက်ပါလျက် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းကပ်လှူပြီး စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက စေတီတော် ဘက်စုံတိုးတက်ရေး ဆက်လက်ဆောင်ရွက်ရန်များကို မှာကြားပြီး စေတီတော်အား လက်ယာရစ် ဖူးမြော်ကြည်ညိုကာ ဘက်စုံ မွမ်းမံပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စေတီတော် ဂန္ဓကုဋီတိုက်တွင်းရှိ စကြာမုနိ ရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းဆက်ကပ်ပူဇော်သည်။

ကပ်လှူပူဇော်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်ကာ အလှူငွေများ လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုး၍ ဘက်စုံပြုပြင်ထားရှိမှုများကို ကြည့်ရှုသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏(၁၈)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ Summit Parkview Hotel ၌ ကျင်းပရာ **(အောက်ပုံ)** သဘာပတိဦးခင်မောင်သွင် (AFP)က အဖွင့်အမှာစကားပြောကြားသည်။ နှစ်ပတ်လည် အစီရင်ခံစာကို ဥက္ကဋ္ဌဦးစဝ်ကိုင်ဖ(Mainichi)က တင်ပြပြီး ငွေစာရင်းရှင်းတမ်းကိုအသင်းအတွင်းရေးမှူးဦးသစ္စာလှထွေး(TBS)က တင်ပြရာ အသင်းက အတည်ပြုကြသည်။

ရွေးချယ်တင်မြှောက်

ထို့နောက် ၂၀၀၇-၂၀၀၈ခုနှစ်အတွက် အမှုဆောင်သစ်များရွေးချယ်တင်မြှောက်ရာတွင် မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များ အသင်း နာယကအဖြစ် ဦးလှထွေး (Nihon Keizai Shimbun)၊ ဥက္ကဋ္ဌ ဦးစဝ်ကိုင်ဖ (Mainichi)၊ ဒုတိယဥက္ကဋ္ဌ Mr. Zhang Yunfei (Xinhua)၊ အတွင်းရေးမှူး ဦးသစ္စာလှထွေး(TBS)၊ တွဲဖက် အတွင်းရေးမှူး ဦးမြတ်သူရ (Kyodo News)၊ဘဏ္ဍာရေးမှူး ဦးဟန်ထွေးအောင် (TV Asahi)နှင့် စာရင်းစစ်ဦးမင်းဇော် (Tokyo Shimbun) တို့ကို ရွေးချယ်တင်မြှောက်ကြသည်။

ဆက်လက်၍ နာယကဦးလှထွေးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ဂုဏ်ထူးဆောင် အသင်းဝင် ဦးသိန်းထွန်း (ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ)နှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ သတင်းထောက်များ တက်ရောက်ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့သတင်းအကျဉ်းချုပ်

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ(မြန်မာ့အလင်း)

နိုင်ငံတကာတွင် သတင်းဖြစ်ရပ်များ အဆက်မပြတ်ဖြစ်ပွားလျက်ရှိရာ သီတင်းတစ်ပတ်အတွင်း ဖြစ်ပျက်ခဲ့သော သတင်းများအနက်မှ ထူးခြားသတင်းအချို့ကို မြန်မာ့အလင်းပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

ဖေဖော်ဝါရီ ၁၂ ရက် – အီရန်နိုင်ငံက ရေဒါဖြင့် ဖမ်းယူ၍မရနိုင်သော ကိုယ်ပျောက်လေယာဉ်များကို ထုတ်လုပ်လိုက်သည်။ (အောက်ပုံ) ထိုလေယာဉ်သည် ကီလိုမီတာ ၇၀၀ကို မြန်နှုန်းမြင့်ပျံသန်းနိုင်ပြီး ဓာတ်ပုံရိုက်ယူခြင်း၊ ဗီဒီယို ရိုက်ယူခြင်း၊ သတင်းထောက်လှမ်းခြင်းတို့ကို လျှပ်တစ်ပြက်အတွင်း ရယူနိုင်သည့် ကိရိယာများ တပ်ဆင်ထားကြောင်း အီရန်နိုင်ငံ အယ်အယ်လမ် သတင်းဌာနမှ သတင်းထုတ်ပြန်လိုက်သည်။

- လေးကြိမ်မြောက် အာရှ–အာဖရိက စီးပွားရေးဖိုရမ်ကို တန်ဇန်းနီးယားနိုင်ငံ ဒါအစ္စလမ်မြို့တွင် စတင်ကျင်းပသည်။ သုံးရက်ကြာ ကျင်းပသည့် အဆိုပါဖိုရမ်၌ အာဖရိကသို့ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ကြရန် သဘောတူညီခဲ့ကြသည်။

ဖေဖော်ဝါရီ ၁၃ ရက် – တောင်ကိုရီးယားနိုင်ငံကလည်း မိုက်ကိုအသုံးပြုတီထွင်ထုတ်လုပ်ထားသည့် ပင်လယ်ရေပြင်ညစ်ညမ်းမှု သန့်စင်ရေးပစ္စည်းတစ်ခုကို ထုတ်လုပ်လိုက်ကြောင်း သတင်းထုတ်ပြန်သည်။ ၎င်းပစ္စည်းသည် ပင်လယ်ပြင်တွင် ယိုဖိတ်နေသော ရေနံများကို အချိန်တိုအတွင်း စုပ်ယူဖယ်ရှားနိုင်သော အစွမ်းရှိကြောင်း ဈေးနှုန်းသက်သာပြီး အကြိမ်ကြိမ်အသုံးပြု၍ရကြောင်း ယွန်ဟတ်သတင်းဌာနက သတင်းထုတ်ပြန်လိုက်သည်။

- တောင်အာဖရိကနိုင်ငံတောင်ပိုင်းတွင် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုကို တည်ဆောက်ရန်အတွက် တောင်အာဖရိကအစိုးရက ခွင့်ပြုလိုက်သည်။ ထိုနျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀၀ ကျော် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း တောင်အာဖရိကအစိုးရက သတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၁၄ ရက် – တရုတ်နိုင်ငံ၏ သံမဏိထုတ်လုပ်မှုသည် ၂၀၀၆ ခုနှစ်က ကုန်တန်ချိန် ၅ ဒသမ ၃ သန်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ရာ ကမ္ဘာပေါ်တွင် သံမဏိအများဆုံး ထုတ်လုပ်သည့် နိုင်ငံအဖြစ် ရောက်ရှိလာကြောင်း တရုတ်သတင်းဌာန ဆင်ဟွာက သတင်းထုတ်ပြန်သည်။

- ရုရှားနိုင်ငံအနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် အာကာသယာဉ်မှူးများမပါရှိသည့် အာကာသယာဉ်ငါးစင်း လကမ္ဘာသို့ လွှတ်တင်ရန် ဆုံးဖြတ်လိုက်သည်။ ထို့အပြင် ၂၀၁၂ ခုနှစ်တွင် လဂြိုဟ်ပေါ်၌ အမြဲတမ်း သုတေသနပြုလေ့လာနိုင်ရန် အမြဲတမ်း အခြေစိုက်စခန်းတစ်ခု တည်ဆောက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၁၅ ရက် – အီတလီနိုင်ငံက လေယာဉ်အတုများဖြင့် လေကြောင်း ပျံသန်းလေ့ကျင့်မှုကို စတင်လိုက်သည်။ ထိုသို့လေယာဉ်တုများဖြင့် ပျံသန်းခြင်းကြောင့် အီတလီလေကြောင်းပျံသန်းမှု မတော်တဆဖြစ်ရပ်များ မဖြစ်ပွားနိုင်တော့ကြောင်း၊ လေယာဉ်မောင်းနှင်ပျံသန်းရာတွင် အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း မီဒီယာများက သတင်းထုတ်ပြန်သည်။

- နိုင်ငံတကာစွမ်းအင်အေဂျင်စီ(အိုင်အီးအေ)က ယခုနှစ်၌ ကမ္ဘာတစ်ဝန်းတွင် စွမ်းအင်သုံးစွဲမှု ပိုမိုများပြားလာမည်ဖြစ်ရာ ရေနံလောင်စာ ၁ ဒသမ ၈ ရာခိုင်နှုန်း တိုးမြှင့်လာမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ ယခုနှစ်၌ နေ့စဉ်ရေနံစည်ပေါင်း ၈၆ သန်းအထိ လိုအပ်လာမည်ဟုလည်း အိုင်အီးအေက သတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၁၆ ရက် – ဂျပန်နိုင်ငံတောင်ပိုင်း ကာဂိုရှီးမားမြို့ တာနီဂါရှီမားအရပ်တွင်ရှိသော အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဂျာဆာ H-2A ဒုံးပျံယာဉ်တစ်စင်းကို လွှတ်တင်လိုက်သည်။ ဂျာဆာ H-2A ဒုံးပျံယာဉ်သည် အာကာသတွင် စိတ်ဝင်စားဖွယ် သတင်းအချက်အလက်များရယူကာ မြေပြင်စခန်းသို့ သတင်းပြန်ပို့မည့် ဂြိုဟ်တုတစ်လုံးကို သယ်ဆောင်သွားကြောင်း ဂျပန်အာကာသသုတေသနအေဂျင်စီမှ သတင်းထုတ်ပြန်လိုက်သည်။

- နယူးယောက်မြို့တွင် မကြုံစဖူး ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့မှုကြောင့် နယူးယောက်မြို့အစိတ်အပိုင်း အများအပြားတွင် ဆီးနှင်းထုလေးပေခန့်အထိရှိခဲ့ကြောင်း၊ ထို့ပြင် နှင်းမုန်တိုင်းများလည်း တိုက်ခတ်ခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက သတင်းထုတ်ပြန်သည်။
- တရုတ်နိုင်ငံအရှေ့ပိုင်း ကျီနန်မြို့ဈေးအတွင်း မီးရှူးမီးပန်း ပြုလုပ်ရောင်းချသည့်ဆိုင်မှ စတင်ကာ မီးလောင်မှုဖြစ်ပွားရာ ဆိုင်ပေါင်း ၁၄၀ ကျော် မီးလောင်ကျွမ်းခြင်းခံခဲ့ရသည်။ မီးသတ်သမားများက အလျင်အမြန်ရောက်ရှိမီးငြိမ်းသတ်ခဲ့မှုကြောင့် လူနေအိမ်များသို့ ကူးစက်ခဲ့ခြင်းမရှိကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၁၇ ရက် – အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်မှ အင်္ဂါဂြိုဟ်ပေါ်တွင် ရေရှိခဲ့သည်ဟူသော အထောက်အထားတစ်ရပ်အဖြစ် ကျောက်တုံးတစ်တုံး၏ပုံနှင့် ရေစီးဆင်းခဲ့သော မြေပြင်နေရာတစ်ခု၏ ဓာတ်ပုံတို့ကို နာဆာမြေပြင်စခန်းသို့ ပေးပို့လိုက်သည်။ ထိုကျောက်တုံးသည် ရေဓာတ်များပြည့်ဝနေကာ အလင်းရောင်များလည်း ထွက်ရှိနေကြောင်း နာဆာမှ သတင်းထုတ်ပြန်လိုက်သည်။

- ဂျပန်ပင်လယ်ပြင်၌ တောင်ကိုရီးယားကုန်တင်သင်္ဘောတစ်စင်း မုန်တိုင်းမိပြီးနစ်မြုပ်ခဲ့ရာ သင်္ဘောဝန်ထမ်းသုံးဦး သေဆုံးပြီး သင်္ဘောသားခြောက်ဦးပျောက်ဆုံးလျက်ရှိကြောင်း ကျိုဒို သတင်းဌာနမှ သတင်းထုတ်ပြန်သည်။ ၎င်းသင်္ဘောမှ ရေနံများယိုဖိတ်ခဲ့မှုကြောင့် ပင်လယ်ပြင်တွင် မီတာ ၅၀၀ ရှည်လျားပြီး မီတာ ၂၀ ကျယ်သော ရေနံပြင်ကြီးဖြစ်ပေါ်ခဲ့ကြောင်း ကျိုဒိုသတင်း၌ ဖော်ပြသည်။

ဖေဖော်ဝါရီ ၁၈ ရက် – အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း၌ အမေရိကန်နှင့်အပေါင်းပါတို့၏ ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့သည်။ ထိုရဟတ်ယာဉ်မှာ အမေရိကန်စစ်ဘက်သုံး ချင်နွတ်ရဟတ်ယာဉ်ဖြစ်ပြီး ပစ်ချခံရခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်ဟု အာဖဂန်နစ္စတန်မီဒီယာများက ဖော်ပြသည်။

- ဇမ်ဘီယာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇမ်ဘီယာနိုင်ငံအနောက်ပိုင်း ဘင်ဒါပြည်နယ်များ၌ ရေလွှမ်းမှုဖြစ်ပွားရာ ဒေသခံပြည်သူ ငါးသောင်းကျော် ရေဘေးဒုက္ခကြုံတွေ့ရလျက်ရှိကြောင်း၊ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဇမ်ဘီယာအစိုးရက သတင်းထုတ်ပြန်သည်။
- အော်ရီရာ (ခေါ်) မြောက်ဝင်ရိုးစွန်းအနီး အာကာသဟင်းလင်းပြင်၌ ညအခါ တွေ့မြင်ရသည့် အနီ၊ အစိမ်းရောင်တန်းများကို လေ့လာရန်အတွက် နာဆာမှ ဒေလ်တာ–၂ ဒုံးပျံကို လွှတ်တင်လိုက်သည်။ (ယာပုံ) ၎င်းဒုံးပျံသည် အာကာသယာဉ်ပုံစံတူ ငါးခုကို သယ်ဆောင်သွားပြီး လေ့လာသုတေသနလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။ (အင်တာနက်)



ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၈) ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၈)တွင် စားသုံးသူအခွန်ဆောင်ပြီးကြောင်း တံဆိပ်တုံးများ စားသောက်ဆိုင်များသို့ ပြည်တွင်းအခွန်ဦးစီးဌာနက ပေးအပ်ထားပြီးဖြစ်၊ ရန်ကုန်တိုင်းအတွင်း တစ်ရက်လျှင် ဂျီအက်စ်အမ် ဖုန်းလေးရာခန့်ချပေးနေ၊ သဃ်န်းကျွန်းစံပြဆေးရုံကြီးတွင် အပ်စိုက် အထူးကု ပြင်ပလူနာခန်းဖွင့်၍ ကုသသွားရန်စီစဉ်၊ ပြည်တွင်းထုတ် အပျော်စီးဖိမ်ခံသင်္ဘောများ ဝယ်ယူနိုင်ပြီ၊ မြန်မာ့စီးပွားရေးဘဏ်(ချေးငွေဌာန) အနေဖြင့် စက်မှုလုပ်ငန်းရှင်များကို ချေးငွေပိုမိုထုတ်ချေးပေးနိုင်ခဲ့၊ ပြည်ပ သင်္ဘောလိုင်းများမှ မြန်မာကျွမ်းကျင် သင်္ဘောသားများခေါ်မည် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'ဖာဂူဆန်နှင့် မန်ယူအသင်းသားတို့ရဲ့ ချန်ပီယံအိပ်မက်ကို ဘယ်သူလုန့်နိုးဦးမှာလဲ' အားကစား ဆောင်းပါးနှင့်အတူ ကုလသမဂ္ဂ၌ ဘွဲ့တုဖြင့် အမှုထမ်းနေသူ အလုပ်မှရပ်စဲခံရ၊ ဂျပန်ရောက် အမေရိကန်များ ဒုံးရေးတပြပြ၊ ဟင်းပွဲဆယ်ပွဲပါ စားတော်ပွဲ ဒေါ်လာနှစ်သောင်းငါးထောင်၊ ၂၀၂၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ခြေဦးတည်ရပ် နံပါတ်တစ်ဖြစ်လာဖွယ်ရှိ၊ တက္ကစီယာဉ်မောင်း စိန်ထုပ်ကြီးကိုပြန်ပေး စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစား ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

ဂျာမနီအမျိုးသမီးလေထီးချန်ပီယံတစ်ဦးဖြစ်သည့် အသက် ၃၅ နှစ်ရှိ ဝက်စ်စနီးယားစကာဆိုသူသည် ဗုဒ္ဓဟူးနေ့က ဩစတြေးလျနိုင်ငံ အရှေ့ပိုင်း၌ လေထီးစီးနေစဉ် မုန်တိုင်းတိုက်ခတ်မှုကြောင့် ဝေရက်တောင်ထက်မြင့်သော ပေပေါင်း ၃၂၆၁၂ ပေသို့ လွင့်တက်သွားသော်လည်း အသက်မသေဘဲ မြေပြင်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၈ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် ရေနံပိုက်လိုင်းများ တိုက်ခိုက်ခံရမှုများနှင့်စပ်လျဉ်းပြီး အမေရိကန်က သတိပေးပြောကြားလိုက်ပြီးနောက် ရေနံတစ်စည်ဈေးနှုန်းမှာ ၅၉ ဒေါ်လာအထက်ဈေးတက်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၇ ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

တရုတ်နိုင်ငံမှ အတွင်းမွန်ဂိုလီးယားရှိ အမျိုးသမီးတစ်ဦးဘဝတွင် ရုန်းကန်ကြိုးစားခဲ့ရသည့်အကြောင်း ရိုက်ကူးတင်ဆက်ထားသော "တူယာ၏ အိမ်ထောင်ပြုခြင်း" ရုပ်ရှင်ဇာတ်ကားသည် ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပသော ရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံးဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၈ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

သမုဒ္ဒရာများနှင့် ကမ္ဘာ့လေထုပြုပြင်ပြောင်းလဲမှုများ၏ အကျိုးဆက်များကြောင့် ပင်လယ်ငှက်များနှင့် ရေနေသတ္တဝါအများအပြား သေကျေလျက်ရှိကြောင်း၊ အမေရိကန်အော်ရီဂွန်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားခဲ့သည်ကို ဖေဖော်ဝါရီ ၁၈ ရက်က အင်တာနက်သတင်း၌ ဖော်ပြခဲ့သည်။

ယခုလကုန်ပိုင်းတွင် အိမ်ရှေ့မင်းသားဟယ်ရီသည် အီရတ်နိုင်ငံသို့ စစ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရန် သွားရောက်မည်ဖြစ်ကြောင်း ဗြိတိသျှသတင်းစာတစ်စောင်က ဖေဖော်ဝါရီ ၁၇ ရက်၌ ဖော်ပြခဲ့သည်ကို ဖေဖော်ဝါရီ ၁၈ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

လစ်ဗျားကလေးငယ် ရာပေါင်းများစွာတို့အား အိတ်ချ်အိုင်ဗွီရောဂါပိုးကူးစက်အောင် ပြုလုပ်ခဲ့သည့် ဘူလ်ဂေးရီးယားသူနာပြုဆရာမ ငါးဦးနှင့် ပါလက်စတိုင်းဆရာဝန်တစ်ဦးအား လစ်ဗျားနိုင်ငံတွင် သေဒဏ်ချမှတ်လိုက်ကြောင်း ယင်းတို့၏ရှေ့နေ အော့တမန်ဘီဇန်တီက ပြောကြားလိုက်သည်ကို ဖေဖော်ဝါရီ ၁၈ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှော ကာကွယ်ရေး သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းသည် ယမန်နေ့နံနက် ၆နာရီခွဲက စမ်းချောင်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိပြီး သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နိုင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်းဒုတိယကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်နွယ်နီအုန်းနှင့် တာဝန်ရှိသူများက တိုင်း၊ ခရိုင်နှင့်မြို့နယ်များ၌ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနှုန်း လျော့ချနိုင်မှု အခြေအနေ၊ စမ်းချောင်းမြို့နယ်အတွင်း ရောဂါကာကွယ်ရေးအတွက် ပညာပေးခြင်းနှင့် ကုသခြင်း လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးသည် စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက်၊ ဝေဠုဝန်(တောင်)ရပ်ကွက်နှင့် ဝေဠုဝန်(မြောက်)ရပ်ကွက်များ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအတွက် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကျန်းမာရေး ပညာပေးဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှု အားပေးသည်။**(အပေါ်ပုံ)**

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရန်ကင်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူများက ရန်ကုန်တိုင်းနှင့်ရန်ကင်းမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်နှိမ်နင်းရေးအတွက် ပညာပေးခြင်း၊ ကုသခြင်း လုပ်ငန်းများနှင့် သန့်ရှင်းရေးနှင့်ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ပညာပေးဟောပြော

တင်ပြချက်များနှင့် ပတ်သက်၍ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ အမှာစကားပြောကြားပြီး ရန်ကင်းမြို့နယ် အမှတ်(၁၃) ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကျန်းမာရေး ပညာပေးဟောပြောနေမှုတို့ကို လိုက်လံကြည့်ရှုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိဘ၊ ဘိုးဘွားများအား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၁) ရပ်ကွက် အင်းစိန်လမ်း အောင်လှရိပ်သာလမ်းသွယ် အမှတ် ၅၃–စီ နေ ဒေါ်ခင်စု၊ ဒေါ်စုစုလေး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို မိုးမိတ်အနုနာယကဆရာတော် ဘဒ္ဒန္တဝိနယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ဌာနေကိုယ်စားလှယ်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေအား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ Country Director and Representative Mr. Christopher Kaye သည် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၃နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင်ရီ၊ ရုံးအဖွဲ့မှူးဦးသန်းနိုင်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၉–၂–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၄။	ကြည်နူးနားဆင်ပြုံးပျော်ရွှင်
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၃။	လျှပ်တစ်ပျက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့သံစဉ်"** (အပိုင်း–၂၂)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစူးစမ်း
	၁၈။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မိုးနဂါးသိုင်းရှစ်ကွက်"** အပိုင်း(၇)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းဝင်များနှင့် တွေ့ဆုံ၊ အသင်းလုပ်ငန်းစဉ်များ ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာတို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်၊ အတွင်းရေးမှူးဒေါက်တာစိုင်းခမ်းလှိုင်နှင့်အဖွဲ့ဝင်များနှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း)မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံးသို့ ဖေဖော်ဝါရီ ၁၃ရက်က ရောက်ရှိကြပြီး အသက် ၈၀ မှ ၁၀၁နှစ်အတွင်း အဘိုးအဘွား ၃၀ တို့အား ပစ္စည်းများ၊ ငွေများဖြင့် ဂါရဝပြု ကန်တော့ကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ အသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းကြရာ အသင်းဝင်များကလည်း ပြန်လည် ဆွေးနွေးကြပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးကို လှည့်လည် ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နောင်တာစံပြကျေးရွာ၌ ရပ်ရွာ ပညာပဒေသာဌာန ဖွင့်ပွဲသို့ တက်ရောက်ကြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ နောင်တာစံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာနသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ်ငါးသောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ထောက်ပံ့ပေးအပ်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၄ရက်တွင် ပင်းတယမြို့ ပြည်သူ့ဆေးရုံကြီး၌ အထူးကုဆရာဝန်ကြီးများက လူနာများအား ကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဆေးရုံတက် လူနာများအား အာဟာရနှင့် ငွေများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပင်းတယမြို့ မြို့နယ်ခန်းမ၌ ကျင်းပသော ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်မည့် မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ(Maternity Waiting Home) စီမံချက် လုပ်ငန်းအသိပေးဆွေးနွေးခြင်းနှင့် ရန်ပုံငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး ဒုတိယဥက္ကဋ္ဌဒေါက်တာဒေါ်တင်လင်းမြင့်က စီမံချက်လုပ်ငန်းအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး စီမံချက်ပံ့ပိုးငွေကျပ်သိန်း ၅၀ နှင့် အိမ်သုံးဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံသည်။**(ဝဲပုံ)**

လက်ခံ

ထို့နောက် အတွင်းရေးမှူးဒေါက်တာဒေါ်ဝေဝေသာက ပင်းတယမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ထောက်ပံ့ပေးသော စက်ဘီးနှစ်စီး၊ စာအုပ်၊ စာရေးကိရိယာ၊ စာကြည့်တိုက်အတွက် ပညာရေးဆိုင်ရာ စာအုပ်များနှင့် ပင်းတယမြို့နယ်အတွက် ပျိုရွယ်သူ မျိုးဆက်ပွား ကျန်းမာရေးဆင့်ပွားသင်တန်း စရိတ်ငွေကျပ် ၁၃၈၃၀၀၀ တို့ကို ပေးအပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က လက်ခံသည်။ **(သတင်းစဉ်)**

ရေပေးရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြို့ပြရေပေးရေးလုပ်ငန်းဖြစ်သည့် ဝိန်းကောင်းရပ်ကွက် အများသုံး အုတ်ရေကန် တည်ဆောက်ပြီးစီးမှု အခြေအနေကို မိုင်းဆတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က ဇန်နဝါရီ ၂ရက်တွင် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဦးမင်းဆွေက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်ချောမွေ့လာသည်နှင့်အမျှ ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝ ပိုမိုတိုးတက်လာမည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတား ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

■ **ရွှေဖုံးမှ**

ရခိုင်ပြည်နယ်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နေ့တစ်နေ့ ဖြစ်ကြောင်း။

အလေးထားဖော်ဆောင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးခံယူချက်အဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ၁၂ ရပ်နှင့်အညီ "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး"ကို ဘက်စုံ ကဏ္ဍစုံက အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အထူးအားဖြင့် နိုင်ငံတော်က တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံ အဆောက်အအုံများစွာကိုလည်း တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ယင်းသို့ တည်ဆောက် ဖြည့်ဆည်းပေးနေခြင်းကြောင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်များသည်လည်း မြင့်မားလာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် စက်မှုဖွံ့ဖြိုးရေး၊ လျှပ်စစ်စွမ်းအား တိုးမြှင့်ထုတ်လုပ်ရေး၊ ခေတ်မီဆက်သွယ်ရေးနည်းပညာများ အသုံးပြုရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှု မြင့်မားရေးစသည့် လုပ်ငန်းများကို ကဏ္ဍအလိုက် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း။

အဓိကကျ

ယင်းသို့ ကြိုးပမ်းဖော်ဆောင်ရာတွင် နိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ဆောင်ရေး၏ အခန်းကဏ္ဍသည်လည်း အဓိကကျကြောင်း တွေ့ရှိရကြောင်း၊ ပို့ဆောင်ရေးသည် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သကဲ့သို့ အရေးပါသည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်ခြင်းကြောင့် အမျိုးသား စီးပွားရေးဘဝ ဖွံ့ဖြိုးစည်ပင်ရေး ကြိုးပမ်းမှုများမှာ အခြားသောကဏ္ဍအသီးသီးကို ထိရောက်သည့် ဝန်ဆောင်မှုများပေးပြီး ပံ့ပိုးဆောင်ရွက်ပေးနိုင်ကြောင်း၊ ပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့မှသာ ကုန်စည်စီးဆင်းမှု၊ ကူးသန်းသွားလာမှု၊ ပြည်တွင်းပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ပြီး အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံသူ နိုင်ငံသားများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ အဆင့်အတန်းများသည်လည်း ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရန်အတွက် ရေကြောင်းပို့ဆောင်ရေးသည် ပိုပြီး အရေးကြီးကြောင်း တွေ့ရှိရကြောင်း။

တိုးတက်ကောင်းမွန်

ထို့ကြောင့် ပျက်စီးသွားခဲ့ရသည့် စစ်တွေမြို့၏ ဆိပ်ခံတံတားဟောင်းနေရာ၌ ဆိပ်ခံတံတားသစ်ကြီးတစ်စင်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ကြီးကြပ်ကွပ်ကဲမှုနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤဆိပ်ခံတံတားသစ်ကြီး ဖွင့်လှစ်ပြီးသည့်နောက်တွင် ကုန်သွယ်ရေကြောင်းကတစ်ဆင့် ကုန်စည်စီးဆင်းမှုသည် ပိုပြီးသွက်လက်မှန်ကန် မြန်ဆန်ချောမွေ့လာမည်ဟု ယုံကြည်ကြောင်း၊ ယင်းသို့ ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်ချောမွေ့လာသည်နှင့်အမျှ ရခိုင်ပြည်နယ်၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ ပိုပြီး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ယနေ့နိုင်ငံတော်သည် အနာဂတ်ကာလ၏ ခေတ်သစ်တစ်ခုဆီကို တည်ငြိမ်ချောမွေ့စွာ ကူးပြောင်းရောက်ရှိရေးအတွက် ဘက်စုံ၊ အခန်းကဏ္ဍစုံမှ မနေမနား အားသွန်ခွန်စိုက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လိုအပ်သော အခြေခံကောင်းများကို ခိုင်မာပြည့်စုံနေစေရန်နှင့် လစ်ဟာမှုမရှိရအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အပြင်းအထန် လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကဏ္ဍအသီးသီး၌ပင်ဖြစ်ဖြစ်၊ ဒေသအသီးသီးကိုပင် ကြည့်ကြည့် အရှိန်အဟုန်ဖြင့် အောင်မြင်မှုများရရှိနေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုများရရှိနေခြင်းသည် နိုင်ငံတော်၏ လမ်းညွှန်မှု၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ဟန်ချက်ညီညီ လက်တွဲ ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ဖြစ်ကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်အနေဖြင့် တစ်တိုင်းတစ်ပြည်လုံး အကြားအလပ်မရှိ တိုးတက်မှုရှိအောင် ဆောင်ရွက်ပေးလျက်ရှိရာတွင် စီမံကိန်းကြီး သုံးခုဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စီမံကိန်းကြီးများမှာ မြို့များ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်လာစေရန် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်း၊ ကျေးလက်ဒေသအားလုံး တိုးတက်စေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကြီး ငါးရပ် စီမံကိန်းနှင့် နယ်စွန်နယ်ဖျားရှိ နယ်စပ်ဒေသများပါ မကျန် တိုးတက်စေရန် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုပါ ဝန်ကြီးဌာနတစ်ခု သီးသန့် ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းစီမံကိန်းသုံးရပ်ဖြင့် ဆောင်ရွက်ပေးသည့် နေရာတွင် ရခိုင်ပြည်နယ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၏ စီးပွားရေးသည် အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖြစ်ကြောင်း၊ စိုက်ပျိုးရေး တိုးတက်အောင် နိုင်ငံတော်က အဘက်ဘက်က ကူညီဆောင်ရွက်ပေးနေသည့်အတွက် ၁၉၈၈ ခုနှစ်မတိုင်မီက ရခိုင်ပြည်နယ်၏ မိုးစပါးစိုက်ဧကသည် ခုနှစ်သိန်းကျော်သာရှိခဲ့ရာမှ ယနေ့ဆိုလျှင် ဧက ၁၂ သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ဧက ငါးသိန်းကျော် တိုးတက်လာသည်ကို တွေ့ရသကဲ့သို့ ပဲအမျိုးမျိုးကို ယခင်က ဧကနှစ်ထောင်ကျော်သာ စိုက်ပျိုးခဲ့ရာက ယနေ့ ဧက တစ်သိန်းခုနှစ်သောင်းကျော် စိုက်နိုင်ခဲ့သဖြင့် ဧက တစ်သိန်းခြောက်သောင်းကျော် တိုးတက်လာခဲ့ပြီး ဆီထွက်သီးနှံအနေဖြင့် ယခင်က ဧက နှစ်သောင်းခြောက်ထောင်ကျော်သာ စိုက်ပျိုးရာမှ ယနေ့ ဧက တစ်သိန်းငါးသောင်းကျော် စိုက်နိုင်ခဲ့၍ ဧက တစ်သိန်းနှစ်သောင်းကျော် တိုးတက်စိုက်ပျိုးလာနိုင်သည်ကို တွေ့ရှိရကြောင်း၊ မွေးမြူရေးအနေဖြင့် ပုစွန်ကန်ဧကသည် ၁၉၈၈ ခုနှစ်မတိုင်မီက ဧက ငါးသောင်းကျော်သာရှိရာက ယခုဆိုလျှင် ဧက တစ်သိန်းငါးသောင်းကျော်ရှိလာသည့်အတွက် ဧကတစ်သိန်းကျော် တိုးတက်လာသည်ကို တွေ့ရပြီး ရခိုင်ပြည်နယ်၏ စီးပွားရေးသည်လည်း သိသိသာသာ တိုးတက်လာကာ ရခိုင်လူထု၏ တစ်ဦးချင်းဝင်ငွေများ တိုးတက်မြင့်မားလာသည်ကို တွေ့ရကြောင်း။

သိသိသာသာတိုးတက်

ယခင်က ရခိုင်ပြည်နယ် လူထုများ၏ သွားလာရေးသည် မြစ်ချောင်းများမှ လှေ၊ သင်္ဘောများကိုသာ အားကိုးပြီး သွားလာနေခဲ့ရကြောင်း၊ ယခုဆိုလျှင် လမ်း၊ တံတားများ တိုးချဲ့ဆောက်လုပ်ပေးခဲ့သည့်အတွက် ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းခရီးမိုင် ၄၄၈ မိုင်သာရှိခဲ့ရာမှ ယခုဆိုလျှင် ၉၇၀ ဒသမ ၅ မိုင် ရှိပြီဖြစ်သည့်အတွက် ခရီးမိုင်ပေါင်း ၅၂၂ ဒသမ ၇ မိုင် တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ပေ ၁၈၀ အထက် တံတားကြီးများဆိုလျှင်လည်း ၁၉၈၈ ခုနှစ်မတိုင်မီက ၁၁ စင်းသာရှိခဲ့ရာမှ ယခုဆိုလျှင် ၃၅ စင်းအထိ တိုးချဲ့ တည်ဆောက်ပေးခဲ့သဖြင့် တံတားကြီး ၂၄ စင်း တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ လမ်းတံတားများ တည်ဆောက်ပေးခဲ့သည့်အတွက် ရန်ကုန်-စစ်တွေ လမ်းမကြီး၊ ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးများ ပေါ်ပေါက်လာခဲ့ပြီး မာန်အောင်-ပေါက်တော မြေပုံနှင့် ရသေ့တောင်မြို့များက လွဲလျှင် မြို့အားလုံးကို မော်တော်ကားလမ်းများမှ တစ်ဆင့် အချိန်တိုတိုဖြင့် သွားရောက်နိုင်ပြီဖြစ်၍ ကုန်စည်စီးဆင်းမှုများ မြန်ဆန်မှန်ကန်ပြီး ရခိုင်ပြည်နယ်သူ ပြည်နယ်သားများ တစ်မြို့နှင့် တစ်မြို့ အပြင် ပြည်မအထိ လွယ်ကူစွာ ကုန်စည်ကူးသန်းသွားလာနိုင်သည့်အတွက် ရခိုင်ပြည်နယ်၏ စီးပွားရေးသည်လည်း သိသိသာသာ တိုးတက်လာသည်ကို တွေ့ရကြောင်း။

ဆိပ်ခံ တံတား

စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတားကို တွေ့ရစဉ်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်း လေယာဉ်ကွင်းများအနေဖြင့်လည်း ယခင်က စစ်တွေ-သံတွဲ- ကျောက်ဖြူမြို့များ၌သာရှိခဲ့ရာမှ ယခုအခါ ခေတ်မီကောင်းမွန်သည့် အမ်းမြို့ လေယာဉ်ကွင်းကိုလည်း အသစ်တည်ဆောက်ပေးခဲ့ပြီး လေယာဉ်ကွင်းအဟောင်းများကိုလည်း ခေတ်မီ ကောင်းမွန်အောင် တိုးချဲ့ ပြုပြင်ပေးနိုင်ခဲ့ခြင်းကြောင့် လေယာဉ်များ ပြေးဆွဲပေးနိုင်ခဲ့၍ ရခိုင်ပြည်နယ်နေ ပြည်သူများအတွက် ခရီးလမ်းပန်းအဆင်ပြေချောမွေ့ ကောင်းမွန်လျက်ရှိသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

ပြည်နယ်ကျက်သရေဆောင်

ယင်းသို့ ကားလမ်းများ၊ လေယာဉ်ကွင်းများ တည်ဆောက်ပေးသည့်အပြင် မူလရှိပြီး ရေလမ်းခရီးသွားလာမှုသည်လည်း များပြားသော ကုန်ပစ္စည်းပမာဏကို ကုန်ကျစရိတ် အသက်သာဆုံးဖြင့် သယ်ယူနိုင်သည့်အတွက် ကားလမ်းမရှိသေးသည့် မြို့များ၊ အခြားလိုအပ်သည့် မြို့များ၌ ကမ်းရိုးတန်းသွား သင်္ဘောကြီးများနှင့် အခြားသင်္ဘောများ အလွယ်တကူဆိုက်ကပ်နိုင်ရေးအတွက် ဆိပ်ခံတံတားများကိုလည်း တည်ဆောက်ပေးလျက်ရှိရာ ယခုဖွင့်လှစ်သည့် ဖောင်တော်ကြီး ဆိပ်ခံတံတားသစ်အပါအဝင် ဆိပ်ခံတံတားပေါင်း ခုနစ်ခုကိုလည်း ရခိုင်ပြည်နယ်အတွင်း၌ တည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ အထူးသဖြင့် ယခုဖွင့်လှစ်သည့် ဖောင်တော်ကြီး ဆိပ်ခံတံတားကြီးကို ရခိုင်ပြည်နယ်၏ ကျက်သရေဆောင်အဖြစ် ငွေအမြောက်အမြားအကုန်အကျခံ၍ ပြည်နယ် လူထုအကျိုးအတွက် နိုင်ငံတော်က တည်ဆောက်ပေးခြင်းဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုသည် အဓိကကျကြောင်း၊ လွယ်လင့်တကူ ဆက်သွယ် သွားလာနိုင်မှသာ တိုင်းပြည်၏ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပို့ဆောင်ရေးစနစ်၌ ရထားပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်း ပို့ဆောင်ရေး ကဏ္ဍနှင့် မော်တော်ယာဉ်ပို့ဆောင်ရေး ကဏ္ဍတို့သည် အဓိကကျသော ကဏ္ဍများဖြစ်ကြကြောင်း"**ကို လမ်းညွှန်ခဲ့ကြောင်း။

များစွာဖွံ့ဖြိုးတိုးတက်

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ပြည်ထောင်စုကြီး၏ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟချက်လျော့နည်းကျဆင်းစေရေး၊ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း နားလည် ချစ်ကြည်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဆိုသည့် မြင့်မားမွန်မြတ်သော နိုင်ငံတော်၏ ရည်ရွယ်ချက်များကြောင့် ဒေသအသီးသီးသည် ယခင်ကာလများထက် များစွာဖွံ့ဖြိုးတိုးတက်လာသည်ကို

အားလုံးအသိပင်ဖြစ်ကြောင်း၊ ယင်းသို့ ဖွံ့ဖြိုးတိုးတက်လာရခြင်း၏ အဓိကအချက်မှာ နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းကာ တရားဥပဒေ စိုးမိုးနေပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ခိုင်မြဲနေ၍ပင်ဖြစ်ကြောင်း။

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန် အရေးသုံးပါးသည် နိုင်ငံတော်အတွက်၊ နိုင်ငံတော်ကြီး အစဉ်ထာဝရ တည်တံ့ ခိုင်မြဲရန်အတွက် မည်မျှအရေးကြီးသည် ဆိုသည်ကို နိုင်ငံသားအားလုံး၏ ရင်ထဲ နှလုံးသားထဲ၌ မည်မျှ စွဲမြဲခံယူသင့်သည် ဆိုသည်ကို ပိုပြီး သိသာထင်ရှားလာကြောင်းကို ပြောကြားလိုကြောင်း။

ထို့ကြောင့် ဆိပ်ခံတံတားကြီး ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားကြပါဟု ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

တိုးတက်ကောင်းမွန်

ထို့နောက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က အမှာစကားပြောကြားရာတွင် ယနေ့ ဆိုလျှင် ကမ်းရိုးတန်းသွား သင်္ဘောများနှင့် အိမ်နီးချင်းနိုင်ငံများသို့ သွားလာသည့် သင်္ဘောများ ဆိုက်ကပ် အသုံးပြုနိုင်ရန် ရည်ရွယ်လျက် ၂၀၀၄ ခုနှစ်တွင် တိုက်ခတ်ခဲ့သော လေပြင်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဆိပ်ခံတံတားဟောင်းနေရာ၌ နိုင်ငံတော်က ဘဏ္ဍာငွေများ သုံးစွဲလျက် ပြည်နယ်၏ အခြေခံကျသော လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေမည့် ဆိပ်ခံတံတားအသစ်ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့၍ ရခိုင်ပြည်နယ်သည် လေကြောင်း၊ ကုန်းကြောင်းနှင့် ရေကြောင်းခရီး သုံးသွယ်လုံး ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာပြီးဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

၂၀၀၆ ခုနှစ် ဧပြီ ၁၅ ရက် ရခိုင်ပြည်နယ်ခရီးစဉ်၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်၏ စေတနာနှင့် ရည်ရွယ်ချက်ကို **"ဟိုတုန်းက ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုရင် စီးပွားရေး တွက်ခြေကိုက် မကိုက် ပြန်သုံးသပ်တယ်၊ ကျွန်တော်တို့က စီးပွားရေး တွက်ခြေကိုက် မကိုက် ပြန်သုံးသပ်တာ မဟုတ်ဘူး၊ ဒီဒေသဖွံ့ဖြိုးတိုးတက်ရမယ်ဆိုတဲ့ အခါမှာ လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ပေးတာဖြစ်တယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံး ညီညီမျှမျှ ဖွံ့ဖြိုးတိုးတက်စေချင်တယ်"**ဟု မိန့်ကြားခဲ့ကြောင်း။

၎င်းမိန့်ကြားချက်အပေါ် လက်တွေ့ ဖြစ်ပေါ်လာသော အခြေခံအဆောက်အအုံများကို အခြေခံလျက်

စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာ၌ နိုင်ငံတော်က ချမှတ်ပေးထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ကို အခြေခံပြီး မိမိ ရေမြေသဘာဝနှင့် ကိုက်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် ကုန်သွယ်မှုတို့ကို အဓိကထား တိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

အကျိုးရှိရှိအသုံးချ

ယခုဆိုလျှင် ရခိုင်ပြည်နယ်သည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းပြီး စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ သိသိသာသာ တိုးတက်အောင်မြင်မှု ကောင်းကျိုးရလဒ်များ စတင်ခံစားနေကြရပြီဖြစ်ကြောင်း၊ နိုင်ငံတော်က စေတနာအပြည့်အဝထားကာ အရင်းအနှီးမြောက်မြားစွာဖြင့် လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်းစသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးပြီးဖြစ်၍ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား မိဘ ပြည်သူများက ၎င်းဆိပ်ခံတံတားကြီး အပါအဝင် တိုးတက်ဖြစ်ထွန်းလာသော အခြေခံအဆောက်အအုံများကို ရေရှည်ခိုင်မြဲစွာ ရပ်တည်နေနိုင်အောင် စောင့်ရှောက်ကြရန်နှင့် အကျိုးရှိရှိ အသုံးချရန်လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် "တိုင်းရင်းသားများ ချစ်ကြည်ရေး၊ ပြည်ထောင်စုလမ်းများ ဖောက်လုပ်ပေး" ဆိုသည့်အတိုင်း နိုင်ငံတော်က ရခိုင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီးအတွင်းရှိ ပြည်နယ်၊ ပြည်မအားလုံး တစ်ဆက်တစ်စပ်တည်း ရှိရေးအတွက် လေကြောင်း၊ ကုန်းကြောင်းနှင့် ရေကြောင်း သုံးခုလုံးကို ကွန်ရက်ပမာ ဖောက်လုပ်ခွင့်ပေးခဲ့ပြီးဖြစ်၍ ပြည်နယ်၏ လူမှုစီးပွားလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလျက် ပြည်သူများ လူနေမှုဘဝ ပိုမိုမြင့်မားစေရေး ဆက်လက်ကြိုးပမ်းအကောင်အထည် ဖော်သွားကြရမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ရာ ဒို့တာဝန်အရေးသုံးပါးကို အလေးအနက်ခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ညွှန်းပေးလျက်ရှိသော လက်တွေ့ဖြစ်ပေါ်လာသည့် ၎င်းတံတားသစ်ကို သက်သေထူလျက် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

အလွယ်တကူသွားလာနိုင်

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဖောင်တော်ကြီး ကွန်ကရစ် ဆိပ်ခံတံတားနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယခင်က စစ်တွေမြို့သည် ရေကြောင်းလမ်း တစ်ခုတည်းကိုသာ

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အဓိကထားပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေခဲ့ရာမှ ယခုအခါ စစ်တွေမြို့အပါအဝင် ရခိုင်ပြည်နယ်တစ်ခုလုံးသည် တစ်နိုင်ငံလုံးနှင့် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့ဖြင့် အလွယ်တကူ ကူးလူးဆက်သွယ်သွားလာနိုင်နေကြပြီ ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်တစ်ခုလုံးသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် ကဏ္ဍပေါင်းစုံ၌ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေပြီဆိုသည်ကို အားလုံး ကိုယ်တွေ့ခံစားစံစားနေရပြီဖြစ်ကြောင်း။

အထူးဝါယမစိုက်ထုတ်

ယနေ့ တည်ဆောက်ပြီးစီး ဖွင့်လှစ်ခဲ့သည့် ဖောင်တော်ကြီး ဆိပ်ခံတံတားနှင့်ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းတင်ပြလိုကြောင်း၊ ဖောင်တော်ကြီး ဆိပ်ခံတံတားဟောင်းသည် အင်္ဂလိပ်ကုမ္ပဏီတစ်ခုဖြစ်သည့် Martin Co., Ltd.က ၁၈၇၆ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အသုံးပြု သက်တမ်း ၁၂၉ နှစ် ကြာမြင့်ခဲ့ပြီး ဖြစ်ကြောင်း၊ သက်တမ်း နှစ် ၁၀၀ ကျော်ခဲ့ပြီးဖြစ်၍ အောက်ခြေ သံမဏိပိုင်တိုင်များလည်း သံချေးစား ဆွေးမြည့်နေပြီဖြစ်သည့်အတွက် ၂၀၀၄ ခုနှစ် လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဆိပ်ခံတံတား မျက်နှာစာ ပြိုကျ ပျက်စီးသွားခဲ့ရကြောင်း၊ ဆိပ်ခံတံတားမရှိတော့ခြင်းကြောင့် ရေယာဉ်များ ဆိုက်ကပ်နိုင်ခြင်းမရှိတော့ဘဲ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုတွင် အခက်အခဲများစွာ ဖြစ်ပေါ်ခဲ့ရကြောင်း၊ တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်ဖြစ်ထွန်းမှုတွင် အလွန်ပင် အရေးကြီးလှသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မှန်ကန်မြန်ဆန်ရေးတို့ကို အထူးဝါယမစိုက်ထုတ် ဖော်ဆောင်ပေးနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ပြည်နယ်မြို့တော်၏ ကြီးမားသည့်အခက်အခဲကို အမြန်ဆုံးအဆင်ပြေစေရန် ခေတ်မီ ဆိပ်ခံတံတားသစ်ကြီးတစ်ခုကို အမြန်ဆုံးတည်ဆောက်ရန် လမ်းညွှန်ချက်နှင့်အညီ ယခု ဖောင်တော်ကြီး ဆိပ်ခံတံတားသစ်ကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၎င်းတံတားသစ်ကြီးကို တည်ဆောက်ရာတွင် တန်ချိန် ၄၀၀၀ တင် ရေယာဉ်များဆိုက်ကပ်နိုင်သည့် ခေတ်မီ သံကူကွန်ကရစ် ဆိပ်ခံတံတားအဖြစ်သာမက ကမ်းရိုးတန်းသွား သင်္ဘောများ၊ အိမ်နီးချင်းနိုင်ငံများမှ ပင်လယ်ကူးသင်္ဘောကြီးများပါ ဆိုက်ကပ်အသုံးပြုနိုင်ရန် ရည်ရွယ် တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၎င်းဆိပ်ခံတံတားသစ်ကြီးသည် မူလတံတားဟောင်း၏ ချဉ်းကပ်တံတား အရှည်ထက် ၁၀၁ ပေ ရေလယ်ဘက်သို့ တိုးထားခြင်းကြောင့် ရေစူးပိုမိုများသည့် ရေယာဉ်များ ဆိုက်ကပ်လာနိုင်မည်ဖြစ်ပါကြောင်း။

၎င်းဆိပ်ခံ တံတားသစ်ကြီးသည် မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းမှ တန်ချိန် ၄၀၀၀ ရှိသည့် ကမ်းရိုးတန်းသွားသင်္ဘောများ ဆိုက်ကပ်နိုင်မည်ဖြစ်၍ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးတွင် ပိုမို သွက်လက်မြန်ဆန်လာစေမည်ဖြစ်ကြောင်း။

ဒေသခံ တိုင်းရင်းသားပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

အထောက်အကူပြု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ၎င်းဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတားကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အကောင်အထည်ဖော် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်၍ ဒေသခံပြည်သူများအတွက် ရေကြောင်းမှတစ်ဆင့် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးကို အထောက်အကူပြုနိုင်မည် ဖြစ်သည့်အပြင် ဒေသတွင်း စီးပွားရေးနှင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက်လည်း ဘက်စုံ ကဏ္ဍစုံမှ များစွာအထောက်အကူပြုစေနိုင်မည် ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အလွန်ဝမ်းမြောက်ဖွယ်ကောင်းသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ ၎င်းဆိပ်ခံတံတားသစ်ကြီးသည် ယခုအချိန်ကစပြီး စစ်တွေမြို့၏ အခြား အထိမ်းအမှတ်နေရာများနည်းတူ စစ်တွေမြို့၏ ကျက်သရေဆောင် အထိမ်းအမှတ် နေရာတစ်ခုအဖြစ် ထာဝစဉ် တည်ရှိနေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ဒေသခံ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဖောင်တော်ကြီး ဆိပ်ခံတံတားဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ဖောင်တော်ကြီးဆိပ်ခံတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အခမ်းအနားတက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတားကြီးကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် အဖွဲ့ဝင်များအား ဖောင်တော်ကြီး ကွန်ကရစ် ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးတို့က ဖောင်တော်ကြီး ကွန်ကရစ် ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဖောင်တော်ကြီး ကွန်ကရစ် ဆိပ်ခံတံတားသည် တန်ချိန် ၄၀၀၀ တင် သင်္ဘောများ ဆိုက်ကပ်နိုင်မည့် မျက်နှာစာ အလျားပေ ၂၄၀၊ အကျယ် ၄၈ ပေရှိ ဆိပ်ခံတံတားနှင့် အလျား ၄၄၄ ပေ၊ အကျယ် ၂၄ ပေရှိ ချဉ်းကပ်တံတားတစ်ခု ပါဝင်သည့် ခေတ်မီခိုင်ခံ့သော သံကူကွန်ကရစ် ဆိပ်ခံတံတားဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မွန်းလွဲ ၂နာရီက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ မြောင်းတကာစက်မှုဇုန် ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ မှော်ဘီတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်နောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ယာယီရှင်းလင်းဆောင်၌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက မြောင်းတကာ သံမဏိစက်မှုဇုန် မြေကွက်များဖော်ထုတ်ပြီးစီးမှု၊ မြေသားလမ်းနှင့် ကွန်ကရစ်လမ်းများဖောက်လုပ်ပြီးစီးမှု၊ တံတားနှစ်စင်း တည်ဆောက်ပြီးစီးမှု၊ အုတ်ရေမြောင်းများ ဖောက်လုပ်ပြီးစီးမှု၊ မြေသားတမံများ ဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်ဓာတ်အားလိုင်းများသွယ်တန်းရန် စီစဉ်ဆောင်ရွက်ထားမှု၊ ရေတံခါးများတည်ဆောက်ပြီးစီးမှု၊ သံမဏိစက်မှုဇုန်တွင် မြေကွက်များ ရောင်းချပြီးစီးမှုနှင့် ငွေပေးသွင်းမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က သံမဏိစက်မှုဇုန်အတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ ရရှိရေးအတွက် စီစဉ်ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မြောင်းတကာဓာတ်အားခွဲရုံ

ယင်းနောက် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က မြောင်းတကာဓာတ်အားခွဲရုံသို့ ရွှေတောင်ဓာတ်အားခွဲရုံမှ သွယ်တန်းမှုအခြေအနေနှင့် ပဲခူး-ကမာနတ်မှ သွယ်တန်းမှုအခြေအနေ၊ ပဲခူး-ကမာနတ်မှ သန်လျင်ဓာတ်အားခွဲရုံသို့ သွယ်တန်းမည့်အခြေအနေ၊ သန်လျင်ဓာတ်အားခွဲရုံနှင့် သာကေတဓာတ်အားခွဲရုံတို့ ကေဗွီ ၂၃၀ ဓာတ်အားလိုင်း သွယ်တန်းမှု အခြေအနေ၊ ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် မုံရွာ-ဟင်္သာတ-ကမာနတ် ကေဗွီ ၅၀၀ ဓာတ်အားလိုင်းသွယ်တန်းမည့်အခြေအနေ၊ တောင်ငူဓာတ်အားခွဲရုံမှ ရွှေတောင်ဓာတ်အားခွဲရုံသို့ ကေဗွီ၂၃၀ဓာတ်အားလိုင်း သွယ်တန်းမှုအခြေအနေ၊ မြောင်းတကာဓာတ်အားခွဲရုံသို့ ရွှေတောင်မြို့မှတစ်လိုင်း၊ ပဲခူး-ကမာနတ်မှ တစ်လိုင်း၊ ဟင်္သာတမှတစ်လိုင်း သွယ်တန်းမှုနှင့် မဟာဓာတ်အားလိုင်းသွယ်တန်းမှုအခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက မြောင်းတကာစက်မှုဇုန်အနီး၌ အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များနှင့် ကမ်းလွန်မှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကို လုပ်ငန်းရှင်များအား ဖြန့်ဝေမည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ရန်ကုန်တိုင်း၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလက်မှုကဏ္ဍမှာ များစွာအရေးပါကြောင်း၊ စက်မှုဇုန်များ မြန်မြန်အကောင်အထည်ဖော်ပြီး လုပ်ငန်းများ လည်ပတ်ပါက ရန်ကုန်တိုင်း၏စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များ ဆောလျင်စွာ အကောင်အထည်ဖော် လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်ကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိအနေဖြင့်လည်း လိုအပ်သည်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းကူညီ

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ စက်မှုဇုန်များကို တာဝန်ရှိသူများက ကဏ္ဍအလိုက် ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကဏ္ဍမှာ အရေးပါကြောင်း၊ နိုင်ငံတော်စက်မှုလက်မှုကဏ္ဍသည် ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်ကုန်၌ နိုင်ငံတော်၏ ဂျီဒီပီတွင် ၁၇ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်ကြောင်း၊ ယခု ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်ကုန်၌ ၁၈ ဒသမ ၉ ရာခိုင်နှုန်းရှိရန် ရည်မှန်းဆောင်ရွက်နေသဖြင့် စက်မှုဇုန်များ အဓိကရှိသော မိမိတို့ရန်ကုန်၌ ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ယခုအသစ်ဆောက်လုပ်လျက်ရှိသည့် မြောင်းတကာသံမဏိ စက်မှုဇုန်ကိုလည်း လိုအပ်သည်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း။

စက်မှုဇုန်များမှထွက်ရှိသည့် ပြည်ပပို့ကုန်များမှာ ပြည်ပဈေးကွက်တွင် ဝယ်လိုအားရှိနေပြီဖြစ်ကြောင်း၊ ပြည်ပပို့ကုန်များအပါအဝင် သွင်းကုန် အစားထိုးကုန်များကိုလည်း စက်မှုဇုန်များက ထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုး တက်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က စက်မှုလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည်များကို ပံ့ပိုးကူညီပေးရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ကူညီပံ့ပိုးဖြည့်ဆည်းပေးသည်။ မြောင်းတကာ သံမဏိစက်မှုဇုန်သည် ၆၃၂ ဒသမ ၉၆ ဧက ကျယ်ဝန်း ပြီး ပေ ၂၀၀ X ပေ ၄၀၀ အကျယ်ရှိ မြေကွက်ပေါင်း ၃၄၄ ကွက်ကို ဖော်ထုတ်ထားရှိကြောင်း သိရှိရသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မော်တော်ယာဉ်ဖြင့် မြောင်းတကာသံမဏိစက်မှုဇုန်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ အမှတ်(၄)လမ်းမကြီးနှင့် ရန်ကုန်မြို့ပတ်ရထားလမ်း နွယ်ခွေ-လှော်ကားမြို့ပတ် မီးရထားလမ်းပိုင်းသို့ ရောက်ရှိပြီး နွယ်ခွေ-လှော်ကား မြို့ပတ်ရထားလမ်းပိုင်း ၁ ဒသမ ၇၇ မိုင် ဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ညနေ ၄ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် သာစုကန်စက်မှုဇုန်ရှိ ခိုင်ခိုင်ဂရု(ပ်)သို့ ရောက်ရှိကြပြီး ခိုင်ခိုင်ဂရု(ပ်)စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ရှက်ဖို့အလွန်ကောင်းသည်

မေသစ္စာ

ယခုခေတ်ကာလတွင် ဗွီစီဒီအခွေများ အလွန်ခေတ်စားနေသည်။ ဓမ္မကထိက အကျော်အမော် ဆရာတော်များ ဟောကြားသော ဗုဒ္ဓဓမ္မတရားတော်များကိုလည်း ဗွီစီဒီအခွေများဖြင့် အားလုံးနာကြားနိုင်ကြသည်။ အဆိုတော်များ သီဆိုကြသော ခေတ်ဟောင်းခေတ်သစ် တေးသီချင်းမျိုးစုံကိုလည်း ဗွီစီဒီအခွေများဖြင့် နားသောတ ဆင်နိုင်ကြပါသည်။ မိမိနေအိမ်၌ နားနားနေနေ တရားလည်း နာကြားနိုင်၊ တေးသီချင်းလည်း နားဆင်နိုင်သောကြောင့် အရွယ်မရွေး ဗွီစီဒီအခွေများနှင့် အလွန်အဆင်ပြေနေကြပါသည်။

အားလပ်ရက်တစ်ရက်တွင် နာမည်ကြီး အဆိုကျော်တစ်ဦး သီဆိုသော ဗွီစီဒီသီချင်းအခွေကို နားထောင်မိပါသည်။ ငယ်ရွယ်နုနယ်သော သမီးပျိုများ၏ သရုပ်ဆောင်ပုံကိုလည်း တွေ့မြင်ရပါသည်။

သီချင်းကိုနားထောင်၊ သရုပ်ဆောင်ပုံများကိုကြည့်ရင်း၊ စိတ်ထဲမှာ ခံစားထင်မြင်ဆင်ခြင်မိသည်များကို တင်ပြလိုသော အာသီသ ဆန္ဒဖြစ်ပေါ်မိပါသည်။

မြန်မာ့တေးဂီတသမိုင်းတွင် ဂီတစာဆိုကြီးများဖြစ်ကြသော မြို့မငြိမ်း၊ မန္တလေးဦးဘသိန်းတို့ ရေးစပ်သီဆိုခဲ့ကြသော တေးသီချင်းများသည် ယခုမျက်မှောက်ခေတ်တိုင် နားထောင်၍မဝ၊ အမြဲဆန်းသစ်နေသည့် ဂန္ထဝင်တေးသီချင်းများ ဖြစ်ပါသည်။

ဆရာမြို့မငြိမ်း ရေးဖွဲ့သီကုံးသော–

"သန်မာထွားကျိုင်းပြီး
ကမ္ဘာ့သူအလယ် လျှောက်သွားမယ်၊ အလွန်တင့်တယ်
သုံးတောင်ဝတ်အားမငယ်–––ရှက်ဖို့အလွန်ကောင်းတယ်"

အစချီသော **"ယဉ်တစ်ကိုယ်မယ်"**သီချင်းကို ဦးစွာနားထောင်မိပါသည်။

ယင်းတေးကို ဗွီစီဒီ ကာရာအိုကေအခွေ၌ နာမည်ကြီးအဆိုတော်တစ်ဦးက သီဆိုပြီး လှပသော အမျိုးသမီးငယ်များက သရုပ်ဆောင်ထားကြပါသည်။ သရုပ်ဆောင် အမျိုးသမီးငယ်များ ဝတ်စားဆင်ယင်မှုကို ကြည့်ပါ။ ဘောင်းဘီများကို ဝတ်ဆင်ထားကြပါသည်။ သရုပ်ဆောင်ပုံကို ကြည့်ပါ။ မြူးမြူးကြွကြွ ကခုန်၍ သရုပ်ဆောင်ကြပါသည်။ တေးသီချင်း၏ ရသခံစားရာတွင် ပေါ့ပျက်သွားစေပါသည်။

ဆက်လက်ပြီး မန္တလေးဦးဘသိန်း ရေးစပ်သီကုံးသော **"ယဉ်တဲ့သဇင်"**တေးကို နားထောင်ပါသည်။ တေးသရုပ်ဖော်ပုံကိုလည်း ကြည့်ပါသည်။

ယဉ်တဲ့သဇင်တေးမှာ–

"နန်းပင်မြင့်တွင် ဆန်းယဉ်
ရှုတိုင်းလည်း လှပေ့သဇင်
မြေလွှာကိုပင် ဝင့်ကြွားကာ
ဟိုပင်ထက်ဖျားထက်မှာ ဖွားဂုဏ်အင်"

အစချီသော တေးဖြစ်ပါသည်။ ပန်းသဇင်၏ ဂုဏ်အင်၊ ပန်းသဇင်၏အလှ၊ ပန်းသဇင်၏မွှေးကြိုင်လှသော ရနံ့တို့ကို ဦးစွာဖော်ကျူးသည်။ ထပ်ဆင့်ပြီး မြန်မာအမျိုးသမီးများသည်လည်း ပန်းသဇင်ကဲ့သို့ လှပတင့်တယ်သူများဖြစ်ကြောင်း၊ ပန်းသဇင်၏ မွှေးရနံ့သင်းပျံ့သကဲ့သို့ မြန်မာအမျိုးသမီးများ၏ ကိုယ်နှုတ်နှလုံး သုံးပါးလုံးယဉ်ကျေးသော သီလရနံ့မွှေးထုံကြိုင်လှိုင်လျက်ရှိပါကြောင်း ဖော်ကျူးထားသည့် တေးတစ်ပုဒ်ဖြစ်ပါသည်။ ယင်းတေးကို ဗွီစီဒီအခွေ၌ အဆိုကျော်က သီဆိုပြီး အမျိုးသမီးငယ်များက ဘောင်းဘီကျပ်ကျပ်နှင့် ရင်လှုပ်တင်လှုပ် သရုပ်ဆောင်ကြပါသည်။ ယင်းသို့ သရုပ်ဆောင်ခြင်းသည် တေးသီချင်းနှင့် လုံးဝမလျော်ညီပါ။ တေးပြုဆရာကြီးကိုပင် အားနာလောက်ပါပေသည်။ ဂန္ထဝင်တေးချစ်သူအနေနှင့်လည်း တေးနှင့်လျော်ညီသော သရုပ်ဆောင်မှုမျိုးကိုသာ တွေ့မြင်လိုကြမည်မှာ ဧကန်ဖြစ်ပါသည်။ ထို့ကြောင့် တေးသီချင်းနှင့် လျော်ညီသော သရုပ်ဆောင်မှုကို စိတ်ကူးပုံဖော်ကြည့်မိပါသည်။

ဘောင်းဘီကျပ်ကျပ်ဝတ်ဆင်ထားသော အမျိုးသမီးငယ်များနေရာတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ တစ်ပတ်လျှိုဆံထုံးထက်တွင် သဇင်ပန်းတွေ ဝေနေအောင်ပန်ကာ မြန်မာဆန်ဆန် ထဘီနှင့်အင်္ကျီလက်စက၊ လက်ရှည်ဝတ်စားဆင်ယင် ထုံးဖွဲ့ထားသော အမျိုးသမီးငယ်များကို အစားထိုးသရုပ်ဆောင်ပါက အလွန်သင့်လျော်မည်ဖြစ်ပါသည်။ ယင်းကဲ့သို့ မြန်မာဆန်ဆန် ဆင်ယင်ထုံးဖွဲ့ထားသော သမီးပျိုလေးများနှင့်ဤ **"ယဉ်တဲ့သဇင်"**ဂန္ထဝင်တေးကို သီဆိုသရုပ်ဆောင်ကြပါက တေး၏ရသနှင့် သရုပ်ဖော်မှုမှာ အံဝင်ခွင်ကျဖြစ်ကာ ပိုမိုဆီလျော်မည် ဖြစ်ပါသည်။

ဆက်လက်၍ **"စိမ်းလဲ့ကန်သာ"**တေးကို နားထောင်မိပါသည်။

"တို့အညာဒေသ ရွာသာယာ ရွာဦးကျောင်းမှာ ထိုအနီးအနားမှာ၊
အလွန် ကြည်စိမ်းလဲ့လဲ့ ရေကန်သာ"

အစချီသောတေးသည် ဆရာကြီး မန္တလေးဦးဘသိန်း ရေးဖွဲ့သီကုံးထားသော တေးဖြစ်ပါသည်။ အညာဒေသ၏ သာယာပုံ၊ ရွာဦးဘုန်းတော်ကြီးကျောင်း၊ ကျောင်းအနီးရှိ ကြာမျိုးငါးပါးပွင့်ဖူးလျက်ရှိသော စိမ်းလဲ့လဲ့ရေကန်သာ၊ ကျေးရွာသူလုံမပျိုတို့ ကြာဖြူပန်းများကို ကိုင်ဆောင်ကာ ရွာဦးစေတီကို အလေးအမြတ်ကြည်ညို ပန်းကပ်ကြပုံ၊ ဆီမီးထွန်းညှိ ပူဇော်ကြပုံတို့ကို ဖော်ကျူးသီဖွဲ့ထားပါသည်။ အညာဒေသအလှ၊ လုံမပျိုတို့၏ ယဉ်ကျေးသော အမူအရာ၊ ရတနာသုံးပါးကို အထူးအလေးဂရုပြုကြပုံတို့ကို သိမြင်ခံစားမှုအပြည့်အဝ ဖော်ဆောင်ထားသည့် ဂန္ထဝင်တေးမွန် တစ်ပုဒ်ဖြစ်ပါသည်။ ယင်းကဲ့သို့သော တေးမွန် တေးဟောင်းကို ကာရာအိုကေတွင် အမျိုးသမီးလေးများက ဘောင်းဘီကျပ်ကျပ် ဝတ်ဆင်ကာ ကခုန်ပြီး သရုပ်ဆောင်ကြပါသည်။ ဂန္ထဝင်တေး၏ အနှစ်သာရနှင့် သရုပ်ဆောင်မှုမှာ လုံးဝညီညွတ်ဆီလျော်မှုမရှိဘဲ တခြားစီ ဖြစ်နေပါသည်။

မြန်မာဂန္ထဝင်တေးများကို ရေးဖွဲ့သီကုံးသော တေးပြုစာဆိုကြီးများသည် မြန်မာ့ယဉ်ကျေးမှုကို အထူးချစ်မြတ်နိုးသည်နှင့်အမျှ အလေးဂရုပြုသူများ ဖြစ်ကြသည့်အတွက် တေးပြုစာဆိုတို့၏ ဆန္ဒကို ဥပေက္ခာပြုသကဲ့သို့ ဖြစ်နေပေလိမ့်မည်။ ထို့အတူ တေးပြုစာဆိုကြီးများ၏ စာပေသိက္ခာကိုလည်း ညှိုးနွမ်းစေသည်။ တေးပြုစာဆိုကြီးများ၏ စေတနာကိုလည်း ထိပါးရာရောက်စေသည်။ ဆရာကြီးများ သက်ရှိထင်ရှားရှိနေမည်ဆိုပါက မည်မျှစိတ်မချမ်းမသာ ဖြစ်မည်ကို နားလည်သဘောပေါက်စေလိုပါသည်။

ယခုခေတ် ခေတ်စားနေသော ဗွီစီဒီ ကာရာအိုကေ အခွေများသည် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းရာတွင် အဓိကအခန်းမှ ပါဝင်နေ၊ သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်လူရွယ်များ အသိအမြင် အယူအဆ မမှားစေရန် အထူးဆင်ခြင်ကြရမည်သာဖြစ်၊ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော် မအပ်စပ်သော ပြုမူလှုပ်ရှား သရုပ်ဖော်မှုများကို အစဉ်သတိပြု ရှောင်ကြဉ်သင့်၊

မြန်မာအမျိုးသမီးများသည် အနာရောဂါကင်းရှင်းပြီး ကျန်းမာသန်စွမ်းသူများ၊ နုပျိုလန်းဆန်း တက်ကြွနေသူများ၊ ယဉ်ကျေးသိမ်မွေ့သော ကိုယ်ဟန်အမူအရာများဖြင့် အလွန်ရှုမောဖွယ်တင့်တယ်သူများ ဖြစ်ကြောင်းကို သီကုံးထားသော တေးတစ်ပုဒ်ဖြစ်ပါသည်။ လှယဉ်ကျေးမယ်တို့နှင့် လိုက်ဖက်သော တေးသွားဖြစ်ပါသည်။ ယင်းတေးကို နားဆင်မိတိုင်း မြန်မာအမျိုးသမီးဖြစ်ရသည်ကို ဂုဏ်ယူဝမ်းမြောက်မိပါသည်။ မြန်မာအမျိုးသမီး ဂုဏ်ရည်ကို ဆတက်ထမ်းပိုးတိုး၍သာ ထိန်းသိမ်းလိုသော ဆန္ဒမွန်များ စိတ်အစဉ်ဝယ် ပေါ်ပေါက်လာမိပါသည်။

ယခုခေတ် ခေတ်စားနေသော ဗွီစီဒီ ကာရာအိုကေ အခွေများသည် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းရာတွင် အဓိကအခန်းမှ ပါဝင်နေပေသည်။ သို့ဖြစ်ရာ မျိုးဆက်သစ် လူငယ်လူရွယ်များ အသိအမြင် အယူအဆမမှားစေရန် အထူးဆင်ခြင် ကြရမည်သာဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော် မအပ်စပ်သော ပြုမူလှုပ်ရှား သရုပ်ဖော်မှုများကို အစဉ်သတိပြုရှောင်ကြဉ် သင့်ပေသည်။

သို့မှသာ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားပြီး ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူသော နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်ကို အကောင်အထည်ဖော်ရာ ရောက်ပေလိမ့်မည်။

အချုပ်ဆိုရလျှင် ဤဗွီစီဒီ ကာရာအိုကေအခွေတွင် ပါဝင်သော ဂန္ထဝင်တေးသုံးပုဒ်ကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ကာ အဘယ့်ကြောင့် သရုပ်မဆောင်ကြပါသနည်း။ တေးပြုစာဆိုဆရာကြီး မြို့မငြိမ်းရေးဖွဲ့ခဲ့သည့် **'ယဉ်တစ်ကိုယ်မယ်'** တေးစာသားတွင်ပါရှိသော **"ရှက်ဖို့အလွန်ကောင်းသည်"**ဟုပင် ပြောလိုက်ချင်ပါတော့သည်။ ။

အထက ကျောက်တံတား အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အထက ကျောက်တံတား ကျောင်းသူ ကျောင်းသားဟောင်းများ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်း ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ကိုအောင်လင်း(၁၉၈၄) ဖုန်း–၅၄၆၁၆၅၊ ကိုသူရိန်ထွန်း ဖုန်း–၀၉၉၉–၂၀၅၉၄၊ ကိုညိုမင်းလွင် ဖုန်း–၂၄၆၈၃၅၊ မပိုးပိုး အောင်၊ ကိုကြီးစိုးအောင် ဖုန်း–၇၂၇၈၇၂၊ ကိုသိုက်ထွန်းအောင် ၁၃၄၊ ၃၃လမ်း (ပထမထပ်)၊ မလင်းလင်း ထွန်း၊ မသန္တာထွန်း ဖုန်း–၂၅၄၁၅၂၊ ကိုကျော်ဖြိုးဝေ ဖုန်း–၀၉–၅၁–၄၄၀၅၉၊ ကိုထက်မြက်ဦး ဖုန်း–၂၈၄၆၄၄၊ ကိုဇင်မိုးအောင် ဖုန်း–၂၀၂၅၁၀၊ ခင်မျိုးထွေး ဖုန်း–၃၈၈၀၇၈နှင့် နေလင်းဦး ဖုန်း–၀၉–၅၁–၇၉၀၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဦးမောင်ရုံး၊ ဒေါ်ရင်နှင့် ခင်ပွန်းဦးမျိုးသန့်တို့အား ရည်စူး၍ ဒေါ်ရန်တီကို အမှူးထားလျက် ဦးကျော်လွင်–ဒေါ်အေးအေးသန့်၊ သား မောင်ဖြိုးလွင်ဦး၊ မောင်သီဟဇော်မိသားစုတို့က အလှူငွေကျပ် သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တောင်ဥက္ကလာပမြို့နယ် အခွန်ဦးစီးဌာနမှ ကြီးမှူးကျင်းပသော အခွန်ဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က အမှတ် (၁၀) ရပ်ကွက် ပဒေသာရုပ်ရှင်ရုံတွင် ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးနိုင်ဝင်းအောင် ဟောပြောဆွေးနွေးစဉ်။ (က–ပ)

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲဖွင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ပဉ္စမအကြိမ်မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက်၇နာရီခွဲက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ဖွင့်လှစ်ပေးပြီး ဆုများချီးမြှင့်ပေးအပ်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့်မြို့တော်ဝန်တို့က ၂၀၀၇ခုနှစ် ပဉ္စမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ပြိုင်ပွဲအမျိုးအစား ၁၉မျိုးတွင် ပြိုင်ပွဲဝင်မည့် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်၊ ပန်းအလှ၊ အရွက်အလှအမျိုးမျိုး ခင်းကျင်းထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ညနေ ၃နာရီတွင် မန္တလေးကန်တော်ကြီး မင်္ဂလာခန်းမ၌ ကျင်းပရာ အစီအစဉ်အရ မြို့တော်ဝန်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက်ဆုချီးမြှင့်ရေးဆပ်ကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ကြင်ကပြပွဲ၊ ပြိုင်ပွဲနှင့်ပတ်သက်၍အမှတ်ပေးစနစ်ကို ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ထို့နောက် မြို့တော်ဝန်နှင့်တာဝန်ရှိသူများက ပန်းပင်အလှပြုပြင်ခြင်း၊ ပန်းအလှပင်၊ အရွက်အလှပင်၊ ရွက်လှပင်၊ ပြည်တွင်းသစ်ခွ၊ ပြည်ပသစ်ခွ၊ နှင်းဆီပင်အမျိုးမျိုး၊ ရှားဇောင်းပင်၊ သက်ကြီးပုပင်၊ အသီးပါသည့်အလှပင်၊ ဟင်းသီးဟင်းရွက် (အရွက်၊ အထုပ်၊ ဥ)သစ်သီး၊ ဟင်းသီးဟင်းရွက် အလုံးလိုက်၊ သစ်သီးဝလံအခိုင်လိုက်နှင့် ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများကို ဆုများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးက ပဉ္စမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ မန္တလေးမြို့ ဈမိုင် သစ်ခွခြံမှ ဦးကျော်နိုင်ဝင်းအား တံခွန်စိုက်ဖလား ချီးမြှင့်ပေးအပ်သည်။

(အပေါ်ပုံ) (သတင်းစဉ်)

ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ ကျောက်ပန်းတောင်း-မြင်းခြံ ခရီးစဉ် ဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် မိုင်၁၀၀၀ ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲ(Tour of Myanmar 1000 Miles Cycling Race 2007)၏ ကျောက်ပန်းတောင်း-မြင်းခြံ ခရီးစဉ်ဖွင့်ပွဲကို ယမန်နေ့နံနက် ၆နာရီ မိနစ်၂၀က ကျောက်ပန်းတောင်းမြို့ သာသနာ့ဗိမာန်ရှေ့၌ ကျင်းပရာ ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ချစ်စိန်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။

ဖျော်ဖြေ

ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများသည် ကျောက်ပန်းတောင်းမြို့မှ ပုပ္ပားတောင်၊ ဗျတ္တပန်းဆက် လမ်းဆုံ၊ မြင်စိုင်းတောင် သစ်တောကြိုးဝိုင်း၊ ဝဲလောင်၊ တောင်သာမြို့များကိုဖြတ်သန်းစီးနင်းပြီး မြင်းခြံမြို့သို့ နံနက် ၉နာရီခန့်တွင် ရောက်ရှိကြသည်။ ကျောက်ပန်းတောင်း-မြင်းခြံခရီးစဉ်၏ ဖြတ်သန်းရာ လမ်းတစ်လျှောက်ရှိ မြို့ရွာများမှ ပြည်သူများက လမ်းဘေးဝဲယာမှ သောင်းသောင်းဖြဖြ ကြိုဆိုအားပေးကြပြီး မြင်းခြံမြို့ ကြိုဆိုရေးမဏ္ဍပ်၌ Myanmar Towards Co., Ltd. မှ Unique Dancer အဖွဲ့က တေးဂီတများဖြင့် ဖျော်ဖြေကြသည်။

ကျောက်ပန်းတောင်းမြို့မှ ပြိုင်ပွဲဝင် ၇၆ဦး တာထွက်ယှဉ်ပြိုင်ရာ မြင်းခြံမြို့သို့ ၇၀အောင်မြင်စွာ ပန်းဝင်နိုင်ကြသည်။ မြင်းခြံမြို့သို့ ဦးဆောင်ပန်းဝင်နိုင်သူ သုံးဦးမှာ ဝင်းလှိုင်(လယ်/ဆည်)က ပထမ၊ မြင့်အေး(ဘဏ္ဍာ/အခွန်)က ဒုတိယ၊ ကျော်မျိုးလှိုင်(ဘဏ္ဍာ/အခွန်)က တတိယ ရရှိကြသည်။

ကျောက်ပန်းတောင်း-မြင်းခြံ ခရီးစဉ်အတွက် ဆုပေးပွဲအခမ်းအနားကို ညနေ ၄ နာရီခွဲက မြင်းခြံမြို့ မဏိကဥ္စနာ ခန်းမ၌ကျင်းပရာရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ရီရီမြင့်က တတိယရရှိသော ကျော်မျိုးလှိုင်(ဘဏ္ဍာ/အခွန်)အား ငွေကျပ်တစ်သောင်း ပေးအပ်ချီးမြှင့်သည်။

ချီးမြှင့်

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်မှူးစောသန်းနိုင်က ဒုတိယရရှိသော မြင့်အေး(ဘဏ္ဍာ/အခွန်)အား ငွေကျပ်နှစ်သောင်းကို လည်းကောင်း၊ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းရွှေက ပထမ ရရှိသော ဝင်းလှိုင်(လယ်/ဆည်)အား အဝါရောင်အင်္ကျီနှင့်ငွေကျပ်သုံးသောင်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

မိုင် ၁၀၀၀ ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲ၏ မြင်းခြံ-မန္တလေး ခရီးစဉ် သတ္တမနေ့ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပခုက္ကူအသင်း(ရန်ကုန်) ဂုဏဝိသိဋ္ဌပူဇာသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ဘဒ္ဒန္တသောဘဏ (မြသိန်းတန်ကျောင်း ပုဇွန်တောင်မြို့နယ်) အမှူးပြု၍ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ သဒ္ဓမ္မ ဇောတိကဓဇဘွဲ့များ ရသည့် သံဃာတော်အရှင်သူမြတ်ခြောက်ပါးနှင့်သီလရှင်ဆရာကြီးတစ်ပါးတို့အား ပခုက္ကူအသင်း(ရန်ကုန်)မှ ဂုဏဝိသိဋ္ဌ ပူဇာသဘင်ပွဲကို မတ် ၄ ရက် (တပေါင်းလပြည့်ကျော် ၂ ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ အလှူရှင်များ ကြွရောက်ကြည်ညိုပူဇော်ကြရန် အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(၃၅၂)**

ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်နေ ဗိုလ်မှူးချုပ်သန်းစိန်(ငြိမ်း) ဒေါက်တာဒေါ်ရီရီမြသန်း၊ သမီး မဝါဝါသန်းစိန်မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လောကထွဋ်ခေါင် ရန်နိုင်အောင်စေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ကျားကူးပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယက အောင်တလုံဆရာတော် ဘဒ္ဒန္တဥတ္တရ ဦးစီးကြီးမှူး၍ မင်းနှင့်ပြည်သူ နိုင်ငံသူ နိုင်ငံသား ခုနစ်ရက်သားသမီး အပေါင်းတို့အား လောက၌ ကျရောက်ဆဲ၊ ကျရောက်လတ္တံ့၊ ကျရောက်ရန်ရှိသော ဘေးဥပဒ်အန္တရာယ်ရန် အသွယ်သွယ် အပေါင်းတို့အား အပြီးအပိုင် အထွတ်အထိပ်သို့ ရောက်သည့် တိုင်အောင်မြင် ကျော်လွှားနိုင်ရန်အတွက် ဆရာတော်ကြီးသည် ရွှေမေတ္တာတော် စိတ်ရှည်မျှော်၍ တည်ထားကိုးကွယ်အပ်သော လောကထွဋ်ခေါင် ရန်နိုင်အောင် စေတီတော်မြတ်ကြီးအား မွန်ပြည်နယ် သထုံမြို့ သရက်တောကျေးရွာ အောင်ချမ်းသာတောင်ပေါ်၌ (၁၃၆၈ခုနှစ် တပေါင်းလပြည့်)မတ်၂ရက်(သောကြာနေ့)နံနက် ၈း၁၀နာရီတွင် ကျင်းပမည်ဖြစ်သည်။ ရပ်ဝေးရပ်နီးမှ ဒါယကာ၊ဒါယိကာမများ ကြွရောက်ကြရန်နှိုးဆော်ထားပြီး လှူဒါန်းလိုပါက ကျားကူးကျောင်းတိုက် ဖုန်း-၀၁-၃၈၁၂၂၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံရှင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က ၂၀၀၆ခုနှစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲကို ဇန်နဝါရီ ၃၀ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ရုံး၌ကျင်းပရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချယ်ရီ၊ ဥက္ကဋ္ဌဒေါ်ဝင့်ဝင့်နိုင်နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လားရှိုးခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆရာတော်ကြီးများအား ချီးကျူးပူဇော်

ဘွဲ့တံဆိပ်တော်များ ဆပ်ကပ်ခြင်းခံရသော မွန်ပြည်နယ်မှ ဆရာတော်ကြီး ၁၄ပါးအား မွန်ပြည်နယ် ၁၀ မြို့နယ်အသင်းများမှ စုပေါင်း၍ ပဉ္စမအကြိမ် ဂုဏပူဇာချီးကျူးပူဇော်ပွဲကို မတ် ၃ ရက် (စနေနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် အောက်ပစ္စယံရှိ မော်လမြိုင် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၂၅၆၁၅၇ သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ကျေးလက်ကျောက်ချောလမ်းဖွင့်

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်ခဲ့သော တောင်ထိပ္ပာ-မင်းဘူး ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲကို တောင်ထိပ္ပာရွာ မင်္ဂလာမုခ်ဦးတွင် ဖေဖော်ဝါရီ ၈ရက်က ကျင်းပသည်။ အဆိုပါ ကျောက်ချောလမ်းသစ်မှာ အရှည် ပေ၁၀၁၀နှင့် အကျယ် ၁၀ပေ ရှိကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆွေးနွေး

မကွေးတိုင်း မကွေးမြို့နယ် မြင်းကင်းကျေးရွာအနီးရှိ မကွေးတိုင်း သမဝါယမ သင်တန်းကျောင်းတွင် ဇန်နဝါရီ ၂၃ရက်က ကျေးလက်ဒေသဖွံ့ဖြိုးရေး သမဝါယမအသင်းများ ပါဝင်ရေး ဆွေးနွေးပွဲကို ဖွင့်လှစ်ကျင်းပရာ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ သမဝါယမ ဦးစီးဌာနအရာရှိများ တက်ရောက်ကြသည်။

တိုင်းရင်းဆေးပညာသင်တန်း ဖွင့်ပွဲကျင်းပ

ကချင်ပြည်နယ် ရွှေကူမြို့တွင် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးကုဌာနက ကြီးမှူးကျင်းပသော တိုင်းရင်းဆေးဖြင့်ပဏာမကျန်းမာရေးစောင့်ရှောက်မှု သင်တန်း အမှတ်စဉ် (၁/၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၆ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင်(၁) ဒုတိယရဲမှူး စိုးမြင့်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး တိုင်းရင်းဆေးမှူး ဒေါ်ညွန့်ညွန့်လွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

နွေစပါးစိုက်ပျိုးရန် လုပ်ငန်းခွင်ဝင်

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်ရှိ လယ်မြေများအတွက် ဖေဖော်ဝါရီ ၂ရက်မှစတင်ကာ သဖန်းဆိပ်ရေလှောင်တမံကြီးမှဆည်ရေများ စတင်လွှတ်ပေးခဲ့ရာမြို့မ၊ဆောင်လှ၊မရကန်၊လက်ယက်ကုန်း၊ပျော်တွယ်၊အောင်ချမ်းသာ၊ကံပြား၊မဲသည်၊ယင်းထွေ၊အေးသာယာ၊ကျခတ်ကျေးရွာများမှ တောင်သူလယ်သမားများ နွေစပါးစိုက်ပျိုးရန် လုပ်ငန်းခွင်သို့ ဝင်ရောက်ကြပြီ ဖြစ်သည်။ ဒီပဲယင်းမြို့နယ်တွင် ၂၀၀၇-၂၀၀၈ခုနှစ်၌ နွေစပါးဧက ၉၀၀၀ကျော် စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

ယွန်းပညာကောလိပ် ဒီပလိုမာအပ်နှင်း

မန္တလေးတိုင်း ပုဂံမြို့၌ ယွန်းပညာကောလိပ်၏ ဒုတိယအကြိမ် ဒီပလိုမာ အပ်နှင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပရာ ထူးချွန်ဆုရ ကျောင်းသား မောင်ကောင်းမြတ်ဝင်းအား အိမ်တွင်းစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းက ဆုချီးမြှင့်ပြီး ကျောင်းဆင်း ၂၃ ဦးအား ဒီပလိုမာ လက်မှတ်များ အပ်နှင်းခဲ့သည်။

ငှက်ဖျားရောဂါကာကွယ်ရေးဆွေးနွေး

ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲကို စစ်ကိုင်းတိုင်း မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးသင်တန်းခန်းမတွင် ဇန်နဝါရီ ၂၅ ရက်က ကျင်းပရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်က အမှာစကားပြောကြားပြီး တိုင်းငှက်ဖျားရောဂါကုဆရာဝန်ကြီး ဒေါက်တာကြည်လွင်က ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထမနဲထိုးပြိုင်ပွဲကျင်းပ

ရောဝတီတိုင်း ဇလွန်မြို့ပြည်တော်ပြန်ဘုရားကြီး ပရဝဏ်အတွင်း ဇန်နဝါရီ ၃၁ ရက်က ထမနဲထိုး ပြိုင်ပွဲကျင်းပရာ ပြိုင်ပွဲတွင် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့က ပထမ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ဒုတိယ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ပူးတွဲတတိယဆုများ ရရှိခဲ့ကြသည်။

ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့်နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကာယအလှမယ် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ဝဇီရာ (၂) ရပ်ရှင်ရုံခန်းမ၌ ကျင်းပရာ ပြိုင်ပွဲတွင် မစန်းစန်းလှိုင်က ပထမဆု၊ မယဉ်မင်းအေးက ဒုတိယဆုနှင့် မရွှေစင်မြင့်က တတိယဆုများ ရရှိခဲ့ကြသည်။

ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ရေးဆွေးနွေး

ကလေးမြို့နယ် နတ်ချောင်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆွေးနွေးပွဲကို ဇန်နဝါရီ၁၇ရက်က အဆိုပါကျေးရွာအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ ဒုတိယဦးစီးမှူး ဦးဒိုင်ကျင့်ပါအိုက စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရှင်းလင်းဆွေးနွေးသည်။

စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားစက်လှူဒါန်း

တနင်္သာရီတိုင်း မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကမ်းကြီးကျေးရွာအုပ်စု ကဘင်းချောင်းကျေးရွာ အလင်းစေတမန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားစက်၊ အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၇ရက်က ကျင်းပရာ အလှူရှင်များ လှူဒါန်းသော ရုပ်မြင်သံကြားစက်တစ်လုံး၊ အလှူငွေကျပ် ၄၀၀၀၀နှင့်စာအုပ်၊ စာစောင်များကို တာဝန်ရှိသူ အသီးသီးက လက်ခံယူခဲ့ကြောင်းသိရသည်။

လူကုန်ကူးဂိုဏ်းမှ တရားခံ၃၃ဦးအား ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်များချမှတ်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်း ရမည်းသင်းခရိုင် သီးသန့်တရားရုံးက ၂၀၀၆ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအတွင်း လူကုန်ကူးဂိုဏ်းမှ တရားခံ ၃၃ ဦးတို့အား ထောင်ဒဏ် တစ်သက် (သေဆုံးသည့်အချိန်ထိ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံရန်) အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

ကျော်မြင့်(ခ)အောင်အောင်

အမှုဖြစ်ပွားပုံမှာ တစ်ဖက်နိုင်ငံ နယ်စပ်မြို့ တစ်မြို့ရှိ တည်းခိုခန်းတစ်ခု၌ မြန်မာအမျိုးသမီးငယ် နှစ်ဦးအား အဓမ္မပိတ်လှောင်ထားကြောင်း ၂၀၀၆ ခုနှစ် ဇူလိုင်၂၀ရက်တွင် မြန်မာနိုင်ငံသား တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ မူဆယ်ခရိုင် ရဲတပ်ဖွဲ့နှင့် မူဆယ် လူကုန်ကူးမှုကို တားဆီးနှိမ်နင်းရေးအထူးအဖွဲ့က တစ်ဖက်နိုင်ငံရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ အဆိုပါ အမျိုးသမီးငယ် နှစ်ဦးအားကယ်တင်နိုင်ခဲ့ပြီး ပိတ်လှောင်ထားသူ တရားခံကျော်မြင့်နှင့် စိုးစိုးမာ တို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

နှစ်နိုင်ငံ ရဲတပ်ဖွဲ့ချင်း သတင်းဖလှယ် ဆက်စပ် ဖော်ထုတ်မှုအရ ပြည်တွင်း တရားခံ ၅၁ဦး၊ ပြည်ပ တရားခံ ၁၃ဦး ပေါင်း၆၄ ဦးတို့အား ဖော်ထုတ်နိုင်ခဲ့ပြီး ပြည်တွင်းတရားခံ ၅၁ဦး အနက် ၃၃ဦးအား ဖမ်းဆီးရမိ၍ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအရ အရေးယူခဲ့ကြောင်း၊ တရားခံများသည် ရန်ကုန်- မန္တလေး တစ်လျှောက်ရှိ မြို့နယ်များမှ အမျိုးသမီး

ရဲမျိုး(ခ)ဖက်တီး

ငယ် ၄၉ဦးတို့အား တစ်ဖက်နိုင်ငံတွင် ဝင်ငွေကောင်းသော အလုပ်ရမည်ဟု ဖြားယောင်းသွေးဆောင် စည်းရုံး၍ ခေါ်ဆောင်သွားပြီး တစ်ဖက်နိုင်ငံတွင် အခြေပြုနေသော ကျော်မြင့်၊ ရဲမျိုး(ခ) ဖက်တီး၊ စိုးစိုးမာနှင့် ဇေဒါဝင်း တို့မှတစ်ဆင့် ယင်းနိုင်ငံရှိ အမျိုးသားများနှင့် အဓမ္မလက်ထပ်ရန် ရောင်းစားခဲ့ကြကြောင်း။

ဖမ်းဆီးရမိခဲ့သော တရားခံများမှာ မူဆယ်မြို့မှ လေးဦး၊ ရမည်းသင်းမြို့မှ သုံးဦး၊ ရန်ကုန်မြို့မှ ခြောက်ဦး၊ သန်လျင်မြို့မှ ခုနစ်ဦး၊ ပျော်ဘွယ်မြို့မှ ၁၁ဦး၊ တစ်ဖက်နိုင်ငံ အခြေပြု မြန်မာနိုင်ငံသားနှစ်ဦး စုစုပေါင်း ၃၃ဦးဖြစ်ကြောင်း။

အဆိုပါ တရားခံများအား ရမည်းသင်းခရိုင် တရားရုံးတွင် သီးသန့်တရားရုံး ဖွင့်လှစ်၍ စစ်ဆေးပြီး ပြင်းထန် ထိရောက်သော ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇေဒါဝင်း(ခ)မဝင်း

စိုးစိုးမာ

ကျောက်မျက်ရတနာပြပွဲ စံချိန်တင်ရောင်းချနိုင်ရေး တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၂၀၀၇ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ မေလိခခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို မတ်လ ၈ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာနှင့်ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမတို့၌ ကျင်းပမည့် ပြပွဲအစီအစဉ်များကိုလည်းကောင်း၊ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများ ခင်းကျင်းပြသရောင်းချမည့် အစီအစဉ်များကိုလည်းကောင်း၊ ဘဏ္ဍာရေး၊ စီမံရေးရာ၊ လုံခြုံရေးနှင့် ပြန်ကြားရေးဆပ်ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ရန် ပြည်ပနိုင်ငံများမှ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအား ဖိတ်ကြားထားမှုအခြေအနေကိုလည်းကောင်း၊ ပြပွဲတွင် ရောင်းချမည့် ကျောက်မျက်ရတနာများအတွက် စည်းကမ်းသတ်မှတ်ချက်များကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ၂၀၀၇ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေးနှင့် ယခင်ကျင်းပခဲ့သည့် ကျောက်မျက်ရတနာပြပွဲများနည်းတူ စံချိန်တင်ရောင်းချရရှိနိုင်ရေးအတွက် အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

ကျောက်ဆစ်လုပ်ငန်း စည်းကမ်းရှိစေချင်

စာတည်းခင်ဗျား–

စစ်ကိုင်းမြို့ ကျောက်ဆစ်နှင့် ပြုကုံရပ်ကွက်များတွင် မီးအားမြှင့်စက်များဖြင့် ကျောက်သွေးလုပ်ငန်းများ နေ့စဉ်လုပ်ကိုင် နေကြခြင်းကြောင့် မီးအတက်အကျ မမှန်သည့်အပြင် ကျောက်သွေးလုပ်ငန်းမှ ညပိုင်း ဆူညံသံများမှာလည်း နားမခံသာအောင်ရှိနေပါသဖြင့် စည်းကမ်းနှင့်အညီ လုပ်ကိုင်နိုင်ရေး ကြပ်မတ်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

စစ်ကိုင်းသား

အမှိုက်များ စနစ်တကျ စွန့်ပစ်စေချင်

စာတည်းရှင့်–

ဗဟန်းမြို့နယ် ဆရာစံမြောက် / အရှေ့ရပ်ကွက် အရှေ့ဗဟိုရ်လမ်းနှင့် ကျောချင်းကပ်လျက်ရှိသော စမ်းရေတွင်းလမ်းရှိ နေအိမ်တစ်အိမ်တွင် မိလ္လာပိုက်ပေါက်နေသည်မှာ ကြာမြင့်ခဲ့ရုံမျှမက အမှိုက်များကိုလည်း နောက်ဖေးလမ်းကြားတွင် စည်းကမ်းမဲ့စွာ စွန့်ပစ်နေသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းလိုသူ

ရပ်ကွက်အတွင်း စက်သံက ဆူဆူညံ

စာတည်းရှင့်–

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဟေမမာလာမြောက် အကွက် ၆၅၀ရှိ ဘက်ထရီနှင့် ဝိုင်ယာရိမ်းလုပ်ငန်းမှ နေ့စဉ်နှင့်အမျှ အင်ဂျင်စက်သံ၊ ဟွန်းတီးသံ၊ မီးစက်သံများကြောင့် ပတ်ဝန်းကျင်နေသူများအနှောင့်အယှက် ဖြစ်ကြရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

စားသောက်ဆိုင်မှ ဆောင်းဘောက်သံများ နားမခံနိုင်

စာတည်းရှင့်–

ရန်ကုန်တိုင်း တာမွေမြို့နယ် ၁၅၇လမ်းရှိ စားဖွယ်စုံနှင့် လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှ တီဗွီအောက်စက်နှင့်တွဲ၍ ဗီဒီယိုသီချင်းခွေနှင့် ဇာတ်လမ်းများကို ဆောင်းဘောက်များဖြင့် ကျယ်လောင်စွာ ဖွင့်နေသောကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်ရပါသဖြင့် အဆိုပါ ဆိုင်အား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊လမ်းသားများ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား–

စစ်ကိုင်းတိုင်း ကလေးဝမြို့ အမှတ်(၃)ရပ်ကွက် အောင်သပြေလမ်းရှိ မြောင်းများတွင် အမှိုက်များ၊ သဲများပိတ်ဆို့ပြီး ရေစီးဆင်းမှု မရှိသည်မှာ ကြာပြီဖြစ်၍ ခြင်များပေါက်ပွားခြင်း၊ အနံ့ဆိုးများ ထွက်နေခြင်းကြောင့် ပတ်ဝန်းကျင်ရှိ ပြည်သူများ ကျန်းမာရေး ထိခိုက်လျက် ရှိပါသဖြင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အောင်သပြေလမ်းသား

ဝက်သတ်ရုံမှ အနံ့ဆိုး ရှင်းလင်းဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား–

လားရှိုးမြို့ ရပ်ကွက်(၁၂)နယ်မြေ(၁၆) သိန်းနီလမ်း စကိတ်ကွင်းလမ်းခွဲတွင်ရှိသော ဝက်သတ်ရုံမှ ညအချိန်မတော်တွင် ဝက်အော်သံများနှင့် သောက်စား မူးယစ် အော်ဟစ်သံများ ဆူညံနေပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး

သစ်ခွဲစက်သံကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား–

သာကေတမြို့နယ် (၈)ရပ်ကွက် နဝရတ်အောက် ၂လမ်းရှိ အိမ်တစ်အိမ်တွင် သစ်ခွဲစက်ကြီးနှစ်လုံးဖြင့် သစ်များကို နေ့၊ ညမပြတ် ခွဲခြင်းမှထွက်ပေါ်လာသော အသံများကြောင့် ပတ်ဝန်းကျင်ရှိ နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန်တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်ရသူ

လောင်စာဆီကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား–

မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက် တိုက်အမှတ်(၇)၏ အခန်းတစ်ခန်းတွင် လောင်စာဆီများကို သိုလှောင်ရောင်းချနေရာ မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

စည်းကမ်းမဲ့ ပလတ်စတစ်လုပ်ငန်း စိစစ်ပေးစေလို

စာတည်းခင်ဗျား–

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သုခလမ်းတွင်းရှိ နေအိမ်တစ်အိမ်မှ အနံ့ဆိုးများ ထွက်နေသော ပလတ်စတစ်ထုပ်ကြီးများကို လမ်းဘေး တစ်ဖက်တစ်ချက်တွင် စုပုံထားရှိခြင်း၊ပလတ်စတစ်လျှော်ဖွပ်ခြင်း၊ လမ်းတွင်းရှိ နေအိမ်ခြံရှေ့များတွင် လှန်းခြင်းကြောင့် မော်တော်ယာဉ်များနှင့် လမ်းသွားလမ်းလာများ မကြာခဏယာဉ်အန္တရာယ်ကြုံတွေ့နေရပါသည်။ ယင်းလုပ်ငန်းကြောင့် ကျန်းမာရေး ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အန္တရာယ်ကင်းစေလိုသူ

လမ်းမပေါ်ကဈေးသည်များ ဈေးအတွင်းရောင်းချစေရေး ဆောင်ရွက်ပြီး

(၁၅-၁-၂၀၀၇)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ် အောင်မင်္ဂလာလမ်းမကြီးပေါ်ရှိ ကျူးကျော်ဈေးသည်များကို ရွှေမြိုင်သီရိရပ်ကွက်ဈေးအတွင်းသို့ ပြောင်းရွှေ့ ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

သံနန်းဆွဲ နားမခံသာမှု ရှင်းလင်းဆောင်ရွက်ပြီးစီး

(၈-၁-၂၀၀၇)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဒါးပိန်မြို့ တိုက်ကြီးစုကျေးရွာ ဆားတလင်းလမ်းမပေါ်ရှိ သံနန်းဆွဲအလုပ်ရုံများမှ နေ့ညဆူညံသံများဖြစ်ပေါ်နေမှုကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

ဖီဖာနှင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဆိုသည်မှာ . . .

ကမ္ဘာတစ်လွှား အားကစား

ကမ္ဘာ့အားကစားလောက၌ သြဇာအလွှမ်းမိုးနိုင်ဆုံး အဖွဲ့အစည်းမှာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ဖြစ်ပြီး ကမ္ဘာ့အားကစားပရိသတ်၏ စိတ်ဝင်စားမှုအရှိဆုံးအားကစား အဖွဲ့အစည်းမှာလည်း ဖီဖာပင်ဖြစ်သည်။

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ပထမဆုံး ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အသုံးပြုခဲ့သည့် ဘောလုံး။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာပေါ်တွင် လူသိအများဆုံးနှင့် အကျော်ကြားဆုံး အဖွဲ့အစည်းဖြစ်သည့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဆိုသည်မှာ . . .

ကမ္ဘာ့ဘောလုံးလောက အဆင့်အတန်း မြင့်မားရေးဟူသော ရည်ရွယ်ချက်ဖြင့် ဖီဖာကို ၁၉၀၄ ခုနှစ် မေ ၂၁ ရက်က ပြင်သစ်နိုင်ငံပါရီမြို့တွင် စတင်ဖွဲ့စည်းခဲ့လေသည်။ စတင်ဖွဲ့စည်းခဲ့စဉ်က အဖွဲ့ဝင်နိုင်ငံ ခုနစ်နိုင်ငံသာပါဝင်ခဲ့ရာ ထိုနိုင်ငံများမှာ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ဒိန်းမတ်၊နယ်သာလန်၊စပိန်၊ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ ဖြစ်သည်။

ထို့အတူ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီတွင် ပြင်သစ်မှ ရောဘတ်ဂူရင်နှင့် အင်ဒရီအီစပါ၊ ဘယ်လ်ဂျီယံမှ လူးဝစ်မူလင်ဟတ်နှင့်မက်ကမ်၊ ဒိန်းမတ်မှ လုဒ်ဗစ်ဆိုင်လော၊ နယ်သာလန်မှ ကာလ်အင်တန်ဝီလ်ဟမ်ဟက်မင်း၊ ဆွစ်ဇာလန်မှ ဗစ်တာအီးရှုချင်ဒါ၊ စပိန်မှ အင်ဒရီတီစပီရာနှင့် ဆွီဒင်မှ လူဒွင်စလောတို့ ပါဝင် ဆောင်ရွက်ခဲ့ကြသည်။

ပူးပေါင်း

ထိုစဉ်က နိုင်ငံအလိုက် ဘောလုံးအဖွဲ့ချုပ်များ ရှိခဲ့ကြသော်လည်း ဖီဖာနှင့် ဆက်သွယ်ဆောင်ရွက်မှု မရှိသေးချေ။ ဖီဖာတွင် ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ နယ်သာလန်၊ စပိန်၊ ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ဘောလုံးအဖွဲ့ချုပ်များကသာ ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။

နောက်ပိုင်းတွင် စကော့တလန်၊ အိုင်ယာလန်နှင့် အခြားနိုင်ငံများမှ ဘောလုံးအဖွဲ့ချုပ်များက ဆက်သွယ်ပူးပေါင်းကာ ဖီဖာနှင့်လက်တွဲဆောင်ရွက်ခဲ့ကြသည်။ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်သည် ၁၈၆၃ခုနှစ်က စတင်ဖွဲ့စည်းထားခဲ့ပြီးဖြစ်သော်လည်း ကနဦးတွင် ဖီဖာနှင့် ဆက်သွယ်ပူးပေါင်းမှုမပြုလုပ်ခဲ့ချေ။

ဖီဖာ၏ ပထမဆုံးဘောလုံးပွဲသည် ၁၉၀၄ခုနှစ် မေလ ၁ ရက်က ကစားခဲ့ကြသော ဘယ်လ်ဂျီယံနှင့် ပြင်သစ်တို့ပွဲစဉ်ပင် ဖြစ်သည်။ ထိုပွဲကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ဖီဖာကို ကမ္ဘာ့နိုင်ငံအသီးသီးမှ အာရုံစိုက်လာစေရန်အတွက် ကစားစေခဲ့ခြင်း ဖြစ်သည်။

တာဝန်ပေး

ဖီဖာ၏ ပထမဆုံး ကွန်ဂရက်ကို ၁၉၀၄ခုနှစ် မေလနောက်ဆုံးသီတင်းပတ်၌ကျင်းပခဲ့ရာ ထိုကွန်ဂရက်မှ ဖီဖာ၏ ပထမဆုံးဥက္ကဋ္ဌအဖြစ် ပြင်သစ်နိုင်ငံမှ ရောဘတ်ဂူရင်အား ရွေးချယ်တင်မြှောက်ခဲ့လေသည်။ ဒုတိယဥက္ကဋ္ဌများအဖြစ် ဆွစ်ဇာလန်မှ ဗစ်တာအီးရှုချင်ဒါနှင့် နယ်သာလန်နိုင်ငံမှ ကာလ်အင်တန်ဝီလ်ဟမ်ဟက်မင်းတို့အား ရွေးချယ်ခဲ့ပြီး အတွင်းရေးမှူးအဖြစ် ဒိန်းမတ်မှ လုဒ်ဗစ်ဆိုင်လောအား တာဝန်ပေးအပ်ခဲ့သည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ၁၉၀၅ခုနှစ် ဧပြီ ၁၄ ရက်၌ ဖီဖာနှင့် တရားဝင် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခဲ့ရာ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ကိုယ်စားလှယ် ဘေးရှန်အီဒေါ့လည်း ဖီဖာတွင် အင်္ဂလန်မှ ပထမဆုံးအဖွဲ့ဝင် တစ်ဦး ဖြစ်လာခဲ့သည်။

ပထမဆုံးကမ္ဘာ့ဖလားချန်ပီယံ ဥရုဂွေးအသင်း။
(ဓာတ်ပုံ-အင်တာနက်)

ဖီဖာ၏လက်ရှိ ဥက္ကဋ္ဌ ဂျို့ဆက် အက်စ်ဘလတ္တာအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖီဖာ၏ ဒုတိယအကြိမ် ကွန်ဂရက်ကို ၁၉၀၅ ခုနှစ် ဇွန် ၁၀ရက်မှ ၁၂ရက်အထိ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပခဲ့ရာ ဂျာမနီ၊ သြစတြီးယား၊ အီတလီနှင့် ဟန်ဂေရီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့က ဖီဖာနှင့် ဆက်သွယ်ကာ အဖွဲ့ဝင်အဖြစ် ပူးပေါင်းပါဝင်ခဲ့ကြသည်။

သဘောတူ

ဖီဖာ၏ တတိယအကြိမ်မြောက် ကွန်ဂရက်ကို ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ၁၉၀၆ခုနှစ်တွင် ကျင်းပခဲ့ရာ ဖီဖာဥက္ကဋ္ဌအဖြစ် အင်္ဂလန်နိုင်ငံသား ဒါနေးလ် ဘူလေဝူလ်ဖဲလ်အား ရွေးချယ်ခဲ့ကြသည်။ ထိုကွန်ဂရက်၌ ဖီဖာက ကြီးမှူးကျင်းပသော ဘောလုံးပွဲတစ်ရပ်ကျင်းပရေးကို အဆိုပြုခဲ့ကြသဖြင့် အဖွဲ့ဝင် အားလုံးက သဘောတူညီခဲ့သည်။

ဖီဖာ၏ ပထမဆုံးဘောလုံးပွဲကို ၁၉၀၈ခုနှစ်က အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ဖီဖာအိုလံပစ် ဘောလုံးပြိုင်ပွဲ အမည်ဖြင့် ကျင်းပခဲ့ရာ အင်္ဂလန်အသင်းက ပထမဆုံး ဖိုလ်စွဲခဲ့လေသည်။ ထို့နောက် ဘောလုံးပြိုင်ပွဲအမည်ပေးမှုနှင့် စည်းကမ်း သတ်မှတ်ချက်များကြောင့် ၁၉၁၂ခုနှစ်ရောက်မှပင် ဒုတိယအကြိမ်မြောက် ဖီဖာအိုလံပစ်ဘောလုံးပြိုင်ပွဲကျင်းပနိုင်ခဲ့ရာ အင်္ဂလန်အသင်းကပင် ထပ်ဆင့်ဖိုလ်စွဲခဲ့ပြန်သည်။

ထိုစဉ်က ဖီဖာသည် ဥရောပနိုင်ငံဘောလုံးအဖွဲ့ချုပ်များနှင့်သာ ဖွဲ့စည်းထားရာ ဥရောပကိုသာ ကိုယ်စားပြုသလို ဖြစ်နေခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံကိုယ်စားပြုအားကစားအဖွဲ့ချုပ်များအား ၁၉၁၀ ပြည့်နှစ်၌ စည်းရုံးနှိုးဆော်ခဲ့ရာ တောင်အမေရိကနိုင်ငံများဖြစ်သော အာဂျင်တီးနား၊ ချီလီတို့က ၁၉၁၂ခုနှစ်တွင်လည်းကောင်း၊ အမေရိကန်က ၁၉၁၃ ခုနှစ်တွင်လည်း ဖီဖာအဖွဲ့ဝင်များ ဖြစ်လာခဲ့ကြသည်။ ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်လာခဲ့ပြီးနောက် တစ်ကမ္ဘာလုံးလွှမ်းခြုံသော ဖီဖာအဖြစ် ရပ်တည်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့သည်။

ရွေးချယ်

ထို့နောက် ဒုတိယကမ္ဘာစစ်ဖြစ်ပွားခဲ့သဖြင့် ဖီဖာလှုပ်ရှားမှုများ ရပ်တန့်သွားခဲ့သည်။ ဖီဖာဥက္ကဋ္ဌ ဒါနေးလ် ဘူလေဝူလ်ဖဲလ် လည်း ၁၉၁၈ ခုနှစ်က သေဆုံးသွားခဲ့ရာ ပြင်သစ်နိုင်ငံသား အသက် ၄၈နှစ်အရွယ် ဂျူလက်စ်ရီမက်အား ၁၉၂၁ခုနှစ် မတ် ၁ ရက်၌ ရွေးချယ်တင်မြှောက်ခဲ့သည်။

ဖီဖာဥက္ကဋ္ဌ ဂျူလက်စ်ရီမက်သည် တစ်ကမ္ဘာလုံးပါဝင်နိုင်မည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတစ်ရပ် ကျင်းပရေးကို တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်ခဲ့ရာ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအဖြစ် ကျင်းပနိုင်ရန် ဖြစ်ပေါ်လာခဲ့သည်။ ထိုသို့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပရန် ဆုံးဖြတ်နိုင်ခဲ့ပြီ ဖြစ်သော်လည်း မည်သည့်နိုင်ငံတွင် ကျင်းပမည်ဆိုသည်ကို စဉ်းစားခဲ့ရပြန်သည်။

အဆိုပြု

ပထမဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရန် ဟန်ဂေရီ၊ အီတလီ၊ နယ်သာလန်၊ စပိန်၊ ဆွီဒင်တို့က အဆိုပြုခဲ့ကြသည်။ ထို့ကြောင့် ၁၉၂၉ခုနှစ် စပိန်နိုင်ငံဘာစီလိုနာမြို့တွင်ပြုလုပ်သော ဖီဖာကွန်ဂရက်တွင် ရွေးချယ်ခဲ့ရာ အဖွဲ့ဝင်အားလုံးက ဥရုဂွေးနိုင်ငံတွင် ကျင်းပရန် သဘောတူညီခဲ့ကြသည်။

ထိုစဉ်က ဥရုဂွေးအသင်းသည် ၁၉၂၄ ခုနှစ် ဖီဖာအိုလံပစ်နှင့် ၁၉၂၈ ခုနှစ် ဖီဖာအိုလံပစ်တို့၌ ဖိုလ်စွဲထားသော အသင်းဖြစ်သည့်အပြင် ဥရုဂွေးနိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည့် နှစ်(၁၀၀) မြောက် နှစ်ပတ်လည်နှင့်လည်း တိုက်ဆိုင်နေခဲ့သဖြင့် ပထမဆုံး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုဥရုဂွေး၌ကျင်းပရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ကျင်းပ

ထို့ကြောင့် ဥရုဂွေးနိုင်ငံ မွန်တီဗီဒီယိုမြို့၌ ၁၉၃၀ ပြည့်နှစ် ဇူလိုင် ၁၈ တွင် ဖီဖာ၏ပထမဆုံး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ကျင်းပနိုင်ခဲ့လေသည်။ အခက်အခဲအမျိုးမျိုးကြားမှ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကျင်းပနိုင်ခဲ့သော်လည်း တစ်ကမ္ဘာလုံးမှ ဘောလုံးအသင်းများကို ဆွဲဆောင်နိုင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းမှ ပရိသတ်များလည်း အထူးစိတ်ဝင်တစားရှိခဲ့သဖြင့် မျှော်မှန်းထားသည်ထက် အောင်မြင်မှု ရရှိခဲ့သည်။

ထိုနှစ်မှ စတင်ကာ လေးနှစ်တစ်ကြိမ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ ကျင်းပလာနိုင်ခဲ့ခြင်းဖြစ်ပြီး လောလောဆယ် ဖီဖာဥက္ကဋ္ဌ ဆွစ်ဇာလန်နိုင်ငံသား ဂျို့ဆက်အက်စ်ဘလတ္တာက ဆောင်ရွက်နေသည်။ လောလောဆယ်အချိန်တွင် ဖီဖာသည် အကျော်ကြားဆုံး ကမ္ဘာ့အားကစားအဖွဲ့အစည်းဖြစ်နေသလို ကမ္ဘာ့ဖလား ဘောလုံးပွဲများသည်လည်း ကမ္ဘာ့ဘောလုံးပရိသတ်တို့၏ ခံစားမှုကို အမြင့်မားဆုံးပေးစွမ်းနိုင်ဆဲ ရှိနေပါကြောင်း။

(ကိုးကား-အင်တာနက်သတင်းများ)

စကားအလွန်ပြောသည့် အေးဂျင့်များအား ဂယ်ရီနဗီးလ် အမျက်ဒေါသထွက်

ကိုးကားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဖေဖော်ဝါရီ ၁၈



မန်ယူအသင်းခေါင်းဆောင် ဂယ်ရီနဗီးလ်။
(ဓာတ်ပုံ-အင်တာနက်)

ဘောလုံးသမားများ၏ အေးဂျင့်များသည် ဘောလုံးသမားများပြောသည့် စကားထက် မလိုအပ်ဘဲ စကားများပိုပြောနေကြ၍ ဘောလုံးသမားများ အနေဖြင့် ယင်းတို့၏အေးဂျင့်များကို အလိုမရှိတော့ကြောင်း မန်ချက်စတာ ယူနိုက်တက် အသင်းခေါင်းဆောင် ဂယ်ရီနဗီးလ်က ပြောကြားလိုက်သည်။ ဘောလုံးသမားများ၏ အပြောင်းအရွှေ့ကိစ္စနှင့် စာချုပ်ကိစ္စရပ်များကို အက်ဖ်အေအနေဖြင့် ကြီးကြပ်လုပ်ဆောင်ပေးသင့်ပြီဖြစ်ကြောင်း အင်္ဂလန်နောက်တန်းကစားသမား ဂယ်ရီနဗီးလ်က ပြောကြားလိုက်သည်။

ဘောလုံးသမားများသည် အကြံကောင်း၊ ဉာဏ်ကောင်းများကို အလိုရှိသော်လည်း မလိုအပ်ဘဲ စကားများပိုပြောနေမှုများကို အလိုမရှိတော့ကြောင်း၊ ဘောလုံးသမားများနှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်ခြင်းဖြင့် အပြောင်းအလဲ ဖြစ်လာလိမ့်မည်ဟု ယုံကြည်ကြောင်း ဂယ်ရီနဗီးလ်က ထပ်လောင်း ပြောကြားသည်။ **(အင်တာနက်)**

အီတလီ စီးရီးအေပွဲများယှဉ်ပြိုင် ရော်နယ်ဒိုို အေစီမီလန်အတွက် နှစ်ဂိုးသွင်း

အင်တာမီလန်တိုက်စစ်မှူး အက်ဒရီယာနို(ဝဲ)၏ ထိုးဖောက်ကစားမှုကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

မီလန် ဖေဖော်ဝါရီ ၁၈

အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၄) ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၇ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နေသော အင်တာမီလန်တို့ အိမ်ကွင်း၌ ကာဂလီယာရီအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ရှုံးပွဲမရှိ အောင်ပွဲဆက်လျက်ရှိသည်။

အင်တာမီလန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဘာဒစ်ဆိုက ပွဲချိန် ၁၁ မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သည်။ အင်တာမီလန်အသင်းသည် ယခုနှစ် စီးရီးအေပြိုင်ပွဲတွင် ၂၃ ပွဲကစား ပွဲ ၂၀ နိုင်၊ သုံးပွဲသရေကျပြီး ရမှတ် ၆၃ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်လျက်ရှိသည်။

ရိုးမားရှုံးနိမ့်

အမှတ်ပေးဇယား ဒုတိယနေရာတွင်ရှိနေသော ရိုးမားအသင်းသည် အမ်ပိုလီတို့၏ အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။ ရိုးမားတို့ ၄၉ မှတ်ဖြင့် ဒုတိယနေရာမှ ရပ်တည်လျက်ရှိသည်။

သို့သော်လည်း အေစီမီလန်အသင်းသည် ဆီနာတို့၏ အိမ်ကွင်း၌ လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရလိုက်သည်။

ရော်နယ်ဒိုဂိုးသွင်း

မကြာမီက ရီးရဲမက်ဒရစ်အသင်းမှ ပြောင်းရွှေ့လာသော တိုက်စစ်မှူး ရော်နယ်ဒိုက အေစီမီလန်အသင်းအတွက် ပွဲစပြီး ၁၆ မိနစ်နှင့် ပွဲချိန် ၈၁ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ အေစီတို့ ယင်းပြိုင်ပွဲအပြီး ရမှတ် ၃၃ မှတ်ဖြင့် ပဉ္စမနေရာတွင် ရှိနေသည်။ **(အင်တာနက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်

လျှပ်စစ်နှင့်ပတ်သက်၍ စုံစမ်း/ မေးမြန်း/ သတင်းပေး/ တိုင်ကြားနိုင်ရန်အတွက် အောက်ပါအတိုင်း တယ်လီဖုန်းနံပါတ်များ တပ်ဆင်ထားရှိပါသည်–

စဉ်	ပြည်နယ်/တိုင်း	ရုံးဌာနများ	ဧရိယာထုတ်	တယ်လီဖုန်းနံပါတ်
၁။	နေပြည်တော်	(၁) အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ဝန်ကြီးရုံး	၀၆၇	၄၁၀၆၆၆
		(၂) ပျဉ်းမနား	၀၆၇	၂၃၆၆၆
၂။	ကချင်ပြည်နယ်	(၃) မြစ်ကြီးနား	၀၇၄	၂၄၆၆၆
		(၄) မိုးကောင်း	၀၇၄	၄၀၆၆၆
၃။	ကယားပြည်နယ်	(၅) လွိုင်ကော်	၀၈၃	၂၂၆၆၆
၄။	ကရင်ပြည်နယ်	(၆) ဘားအံ	၀၅၈	၂၂၆၆၆
၅။	ချင်းပြည်နယ်	(၇) ဟားခါး	၀၇၀	၂၂၆၆၆
၆။	စစ်ကိုင်းတိုင်း	(၈) မုံရွာ	၀၇၁	၂၄၆၆၆
		(၉) စစ်ကိုင်း	၀၇၂	၂၂၆၆၆
		(၁၀) ရွှေဘို	၀၇၅	၂၂၆၆၆
		(၁၁) တမူး	၀၇၃	၄၀၆၆၆
၇။	တနင်္သာရီတိုင်း	(၁၂) မြိတ်	၀၅၉	၄၂၆၆၆
၈။	ပဲခူးတိုင်း(အရှေ့ပိုင်း)	(၁၃) ပဲခူး	၀၅၂	၂၄၆၆၆
		(၁၄) တောင်ငူ	၀၅၄	၂၆၆၆၆
၉။	ပဲခူးတိုင်း(အနောက်ပိုင်း)	(၁၅) ပြည်	၀၅၃	၂၆၆၆၆
		(၁၆) သာယာဝတီ	၀၅၅	၃၀၆၆၆
၁၀။	မကွေးတိုင်း	(၁၇) မကွေး	၀၆၃	၂၄၆၆၆
		(၁၈) မင်းဘူး	၀၆၅	၂၁၆၆၆
		(၁၉) ရေနံချောင်း	၀၆၀	၂၂၆၆၆
		(၂၀) ချောက်	၀၆၁	၂၂၆၆၆
		(၂၁) သရက်	၀၆၈	၂၁၆၆၆
		(၂၂) အောင်လံ	၀၆၉	၂၂၆၆၆
		(၂၃) ပခုက္ကူ	၀၆၂	၂၃၆၆၆
၁၁။	မန္တလေးတိုင်း	(၂၄) မန္တလေး(တိုင်းရုံး)	၀၂	၆၅၆၆၆
		(၂၅) မန္တလေး(ခရိုင်ရုံး)	၀၂	၇၃၆၆၆
		(၂၆) ပြင်ဦးလွင်	၀၈၅	၂၁၆၆၆
		(၂၇) မိုးကုတ်	၀၉	၆၉၇၂၆၆၆
		(၂၈) ကျောက်ဆည်	၀၆၆	၅၀၆၆၆
		(၂၉) ကျောက်ပန်းတောင်း	၀၆၁	၅၀၆၆၆
		(၃၀) မိတ္ထီလာ	၀၆၄	၂၅၆၆၆
၁၂။	မွန်ပြည်နယ်	(၃၁) မော်လမြိုင်	၀၅၇	၂၆၆၆၆
၁၃။	ရခိုင်ပြည်နယ်	(၃၂) စစ်တွေ	၀၄၃	၂၄၆၆၆
၁၄။	ရန်ကုန်တိုင်း	(၃၃) ရန်ကုန်(တိုင်းရုံး)	၀၁	၂၁၅၆၆၆
		(၃၄) သန်လျင်	၀၅၆	၂၂၆၆၆
		(၃၅) သန်လျင်(ခရိုင်ရုံး)	၀၅၆	၂၁၆၆၆
		(၃၆) ကျောက်တန်း	၀၅၆	၂၅၆၆၆
		(၃၇) တွံတေး	၀၄၅	၅၀၆၆၆
		(၃၈) တိုက်ကြီး	၀၅၅	၂၀၆၆၆
		(၃၉) အင်းစိန်(ခရိုင်ရုံး)	၀၁	၆၄၄၆၆၆
		(၄၀) တာမွေ(ခရိုင်ရုံး)	၀၁	၅၅၉၆၆၆
		(၄၁) ကျောက်တံတား(ခရိုင်ရုံး)	၀၁	၃၈၉၆၆၆
၁၅။	ရှမ်းပြည်နယ်(တောင်ပိုင်း)	(၄၂) တောင်ကြီး	၀၈၁	၂၅၆၆၆
၁၆။	ရှမ်းပြည်နယ်(မြောက်ပိုင်း)	(၄၃) လားရှိုး	၀၈၂	၂၄၆၆၆
၁၇။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	(၄၄) ကျိုင်းတုံ	၀၈၄	၂၂၆၆၆
၁၈။	ဧရာဝတီတိုင်း	(၄၅) ပုသိမ်	၀၄၂	၂၄၆၆၆
		(၄၆) ဖျာပုံ	၀၄၅	၄၀၆၆၆
		(၄၇) ဓနုဖြူ	၀၄၆	၂၅၆၆၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

စက်မှုကုန်ထုတ်သူများအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၃)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ၂၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ UMFCCI Office Tower ၌ ကျင်းပမည်ဖြစ်သည်။ အစည်းအဝေး တက်ရောက်ရန် အသင်းဝင်များထံသို့ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်ကြောင်းနှင့်ဖိတ်စာမရရှိသော အသင်းသူ အသင်းသားများသည် အသင်းရုံးတည်ရှိရာ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၂၁၄၈၃၀၊ ၂၁၄၈၃၁သို့ ဆက်သွယ် သတင်းပေးပို့၍ အစည်းအဝေး တက်ရောက်နိုင်ကြောင်းနှင့် အကြံပြုလိုသည်များကိုလည်း ဖက်စ်–၂၁၄၈၃၂ သို့ ပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဖေဖော်ဝါရီ ၁၇ရက်က အထက(၁)သဃ်န်းကျွန်း၏ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ ဂုဏ်ပြုပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ပြည့်ဖြိုးဟိန်းအားကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်က ဂုဏ်ပြုလက်မှတ်နှင့်ဆုငွေ ချီးမြှင့်စဉ်။ (က–ပ)



သူနာပြုအကူသင်တန်းနှင့်ဆေးဝါးကျွမ်းကျင်အကူသင်တန်း

* ထူးချွန်တဲ့ဆရာမတွေနဲ့စုစည်းထားတာ အများသိကြတယ်။ တရုတ်နှင့်အင်္ဂလိပ်စကားပြောလည်း သင်ပေးတယ်။ ကုသိုလ်ပြု ဆေးကုခရီးလည်းထွက်တယ်။
* ပြည်တွင်းပြည်ပ၊ အလုပ်အများဆုံးရတာလည်း ဒီကျောင်းကပဲ၊ ဒါကြောင့် နှစ်ကျောင်းလုံး အမြဲတမ်း လူပြည့်နေတာ။ တစ်ပတ်လုံး ပိတ်ရက်မရှိ။
* **တန်းခွဲသစ် (၂၂–၂–၂၀၀၇)ရက် စမည်။**

မြတ်မေတ္တာ	မြတ်စေတနာ
(၆၁)၊ ၁၃လမ်း(အလယ်)၊	(၅၄)၊ စံရိပ်ငြိမ် (၄)လမ်းထိပ်၊
လမ်းမတော်မြို့နယ်၊ ဖုန်း – ၂၂၈၀၈၁။	ကမာရွတ်မြို့နယ်၊ ဖုန်း – ၅၀၂၆၅၇။

ကျေးလက်ဈေးများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစန်းဝင်းနှင့်အဖွဲ့ ဖေဖော်ဝါရီ၇ရက်က ကျေးလက်ဈေးများဖြစ်သော ပင်းတောဈေး၊ ဆားမော်ဈေး၊ တောင်နီဈေး၊ ပင့်သာဈေး၊နန့်ခွင်ဈေး၊ ကုန်းတန်းကြီးဈေးတို့အား ကွင်းဆင်းပြီး ဈေးအတွင်း ရေမြောင်းများစနစ်တကျဆောင်ရွက်ရေး၊ ယင်လုံအိမ်သာများ စနစ်တကျရှိရေး၊အမှိုက်များစနစ်တကျ စွန့်ပစ်ရေးတို့အား ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမြန်ပြန်လာပါ	**သား မောင်ဇော်ထက်** အားလုံး စိတ်ပူနေကြသည်။ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ **ဦးအောင်စိုး ဖုန်း–၅၀၅၄၄၂။**

အရှေ့ဈေးဟောင်းလမ်း အထူးတရားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဗဟန်းမြို့နယ် ဆရာစံမြောက် အရှေ့ရပ်ကွက် အရှေ့ဈေးဟောင်းလမ်း ဆွမ်းလောင်းအသင်းမှ ကြီးမှူး၍ အထူးတရားပွဲ ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၀ရက်ညတွင် ဖြူးဆရာတော်၊ ၂၁ရက်ညတွင် အောင်စကြာ အရှင်စန္ဒာသီရိ ဆရာတော်၊ ၂၂ရက်ညတွင် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာအရှင်ကောဝိဒ၊ ၂၃ရက် ညတွင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရ၊ ၂၄ရက်ညတွင် မိဂဒါဝုန် ဆရာတော် အရှင်စန္ဒာသီရိ၊ ၂၅ရက်ညတွင် ခင်မကန်ဆရာတော် အရှင်ခေမိန္ဒတို့က ထေရဝါဒ မြတ်ဓမ္မကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု အင်္ဂလိပ်စာဘာသာ သင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ

အင်္ဂလိပ်စာဘာသာ သိမှတ်ဖွယ်ရာ

ဒီနေ့ဆရာမ ဆွေးနွေးမယ့် အကြောင်းအရာကတော့ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပဲ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲအတွက် အင်္ဂလိပ်စာဘာသာရပ်ကို ဖြေဆိုနိုင်ဖို့ဆိုရင် ကျောင်းသား၊ ကျောင်းသူတွေဟာ ပြဋ္ဌာန်းထားတဲ့ English Text Grade 11 ကို သေသေချာချာ ကျေကျေညက်ညက် လေ့လာသိရှိထားကြဖို့ လိုပါတယ်။

ပြဋ္ဌာန်းထားတဲ့ English Text Grade 11 မှာ 15 Units ပါရှိပါတယ်။ Unit တိုင်းမှာ Comprehension Tasks၊ Vocabulary၊ Grammar နဲ့ Writing စသဖြင့်အပိုင်းတွေ ခွဲပြီး ရှင်းလင်းချက်တွေ၊ လေ့ကျင့်ခန်းတွေနဲ့ ကျောင်းသား၊ ကျောင်းသူတွေ လေ့လာသင်ယူ လေ့ကျင့်နိုင်ကြဖို့ စီစဉ်ထားပါတယ်။ 15 Units ရဲ့နောက်မှာတော့ Poems (၇)ပုဒ် လေ့လာရန် ဖော်ပြထားပြီး၊ နောက်ဆုံး Speaking Section အပိုင်းမှာ function (၅)မျိုးအလိုက် အင်္ဂလိပ်လိုစကားပြောဆိုကြပုံတွေကို အတုယူသင်ယူလေ့ကျင့်နိုင်ကြဖို့ ဥပမာ dialogues တွေ၊ လေ့ကျင့်ခန်းတွေနဲ့ ဖော်ပြထားပါတယ်။ ကျောင်းသား၊ကျောင်းသူတွေအနေနဲ့ ဒီ Text မှာပါတဲ့ Units အားလုံးရဲ့ exercises တွေအားလုံးကို မခြွင်းမချန် လေ့လာသိရှိ လေ့ကျင့်ထားကြရင် တက္ကသိုလ်ဝင်စာမေးပွဲ မှာ အင်္ဂလိပ်စာဘာသာရပ်ကို ကောင်းစွာဖြေဆိုနိုင်ကြမှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်မေးခွန်းလွှာမှာ ယခင်နှစ်များအတိုင်း **မေးခွန်း(၉)ပုဒ်** ပါရှိမှာဖြစ်ပြီး၊ မေးခွန်းအများစုဟာ ပြဋ္ဌာန်းစာအုပ်ကိုပဲ အခြေခံ မေးမြန်းမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၁) ကတော့ English Text Grade 11 မှာပါတဲ့ 15 Units ထဲက passage စာပုဒ်တစ်ပုဒ်ကို ပေးထားပြီး အဲဒီ passage ထဲမှာပါတဲ့ အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား(၂)မျိုးနဲ့ မေးမြန်းမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၁)ရဲ့ ပထမမေးခွန်းပုံစံ ကတော့ Write the correct word or words to complete each sentence. ဖြစ်တယ်။ ဒါဟာ ပေးထားတဲ့ passage စာပုဒ်ကိုဖတ်ပြီး၊ ပေးထားတဲ့ ကွက်လပ်ပါတဲ့ဝါကျ(၅)ခုမှာ one word စကားလုံးတစ်လုံး၊ ဒါမှမဟုတ် a group of words စကားစုတစ်စု ဖြည့်ပေးခြင်းဖြင့် အဓိပ္ပာယ်ပြည့်စုံတဲ့ ဝါကျများဖြစ်အောင် ကွက်လပ်ဖြည့် ဖြေဆိုပေးရမှာ ဖြစ်တယ်။

သတိပြုရမှာက ပေးထားတဲ့ passage ထဲမှာပါတဲ့ စကားလုံး၊ စကားစုတွေကို ကွက်လပ်မှာ တိုက်ရိုက် ဖြည့်ထည့်လို့ ရချင်မှရမယ်။ ဝါကျရဲ့တည်ဆောက်ပုံပေါ် မူတည်ပြီး သင့်လျော်သလို ပြောင်းရေးဖို့ လိုချင်လိုလိမ့်မယ်။ ဥပမာ - passage ထဲမှာ noun form သို့မဟုတ် adjective form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ဖြည့်ချင်ဖြည့်ရမယ်။ စာပိုဒ်ထဲမှာ verb form နဲ့ ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ noun form ဖြည့်ချင်ဖြည့်ရမယ်။ ဥပမာ Question IA (1) ရဲ့မေးခွန်းတစ်ခုကို နမူနာဖြေပြရရင်- passage ထဲမှာ One is in Oracle, Arizona, near Tucson and the University of Arizona. Many visitors go to see this biosphere every year. လို့ ပေးထားပေမယ့် ကွက်လပ်ပါတဲ့ဝါကျကို The biosphere in Oracle is .... every year by many people. လို့မေးထားတယ်ဆိုပါစို့။ ပေးထားတဲ့ passage ထဲမှာ ပါတဲ့ Many visitors go to see this biosphere every year. ဆိုတဲ့ ဝါကျရဲ့ အဓိပ္ပာယ် ကိုနားလည်ပြီး၊ မေးထားတဲ့ ကွက်လပ်မှာပါတဲ့ ဝါကျ The biosphere in Oracle is ....every year by many people. ရဲ့ sentence structure ဝါကျတည်ဆောက်ပုံ အရ၊ အဓိပ္ပာယ်ပြည့်စုံတဲ့ ဝါကျ complete sentence ဖြစ်သွားအောင်၊ ကွက်လပ်မှာ passive verb form ဖြစ်တဲ့ visited ဆိုတဲ့ စကားလုံးတစ်လုံး ဖြည့်ပေးရမှာ ဖြစ်တယ်။

နောက်တစ်ခု သတိပြုရမှာက မေးခွန်းထဲက ဝါကျရဲ့ 'subject' က plural form ဖြစ်ရင် 'verb plural form' နဲ့ပြန်ဖြေရမယ်။ ဥပမာ-နောက်မေးခွန်း နမူနာတစ်ခုကို ကြည့်မယ်ဆိုရင်- ပေးထားတဲ့ passage ထဲမှာ Temperatures on the moon are quite extreme, ranging from 110°c to – 173°c. This occurs because there is no atmosphere to filter the sun's rays when it is shining လို့ ရေးထားပေမယ့် ကွက်လပ်ပါတဲ့ sentence ကို "Extremes of temperature .... because the moon does not have an atmosphere." လို့မေးထားရင် 'subject' က plural form "Extremes of temperature" ဖြစ်သွားတာကြောင့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ကို plural verb form- "occur"လို့ ဖြေမှမှန်မယ်။ ဒါ့ကြောင့် **မေးခွန်းနံပါတ်(၁)ရဲ့ ပထမမေးခွန်းတွေမှာ** အမှတ်ပြည့် ရရှိဖို့အတွက်ဆိုရင် word form တွေနဲ့ usage တွေကိုပါ လေ့လာထားဖို့ လိုပါတယ်။

နံပါတ်(၁)မေးခွန်းရဲ့ ဒုတိယမေးခွန်းပုံစံကတော့ Answer each question in one sentence. ဖြစ်တယ်။ Wh question တွေနဲ့ စာပိုဒ်တွေထဲမှာပါတဲ့အကြောင်းအရာ အချက်အလက်တွေကို မေးတဲ့ မေးခွန်း(၅)ခု မေးထားမယ်။ ပေးထားတဲ့ passage ကိုဖတ်ပြီး ပြည့်စုံတဲ့ ဝါကျတစ်ကြောင်းအဖြစ် ရေးသားဖြေဆို ပေးရမှာဖြစ်တယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးထားတဲ့ မေးခွန်းရဲ့အဖြေကို တိတိကျကျ မှန်မှန်ကန်ကန် ဖြေနိုင်အောင် များများ လေ့ကျင့်ထားဖို့ အကြံပေး ပြောကြားလိုပါတယ်။

ဒီနေရာမှာ တစ်ခုမှာကြားလိုတာကတော့ ပြဋ္ဌာန်းစာအုပ်ပါစာပိုဒ်များ၊ မေးခွန်းများကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင်လေ့ကျင့်ထားဖို့က ပိုအရေးကြီးပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလဲ မပြုကြဖို့ သတိပေးချင်ပါတယ်။ တိုက်ရိုက်ကူးချပေးလိုက်ရင် အမှတ်ပြည့်ရမှာမဟုတ်တဲ့အတွက် မေးထားတာကိုပဲ တိုက်ရိုက် ထိထိမိမိ ပြန်ဖြေတတ်အောင် လေ့ကျင့်ထားကြပါ။

မေးခွန်းနံပါတ်(၂) cloze procedure မှာလည်း ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ Unit (၁၅)ခုထဲက စာပိုဒ်တွေမှာ ၇လုံးသို့မဟုတ်၊ ၈လုံး သို့မဟုတ်၊ ၉လုံးမြောက်စကားလုံးတွေကို ကွက်လပ်လုပ်ထားပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ရန် စကားလုံး(၂၀) ကိုလဲ စာပိုဒ်အပေါ် မှာ ပေးထားပါတယ်။ သတိပြုရမယ့် အချက်ကတော့ စာပိုဒ်တွေကိုပြန်ကူးရေးစရာမလိုဘဲ၊ ကွက်လပ်နံပါတ်နဲ့အဖြေကိုသာ ရေးရမှာ ဖြစ်တယ်။ ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ခြုံငုံပြီး စစ်ဆေးတာဖြစ်တယ်။ ကျောင်းသား၊ ကျောင်းသူတွေရဲ့ reading skill ဆိုတဲ့စာဖတ်ပြီး နားလည်နိုင်မှုစွမ်းရည်နဲ့ grammar ဆိုတဲ့ ဘာသာစကားရဲ့ သဒ္ဒါကျွမ်းကျင်ပိုင်နိုင်မှု အပိုင်းနှစ်ပိုင်းစလုံးကို ဆန်းစစ်လိုတာဖြစ်တယ်။

ဒါကြောင့်ဒီမေးခွန်းကို ဖြေနိုင်ဖို့ဆိုရင် passage တွေကို အလွတ်ကျက်ဖို့ထက် စကားအဆက်အစပ်ခန့်မှန်းနားလည်ပြီး grammar မှန်မှန်နဲ့ အဓိပ္ပာယ်ရှိတဲ့ sentences တွေ ဖြစ်အောင်၊ စဉ်းစားပြီး blanks တွေမှာပေးထားတဲ့ words တွေထဲက ရွေးချယ်ပြီး ဖြည့်ကြရမှာ ဖြစ်တယ်။ ဒီမေးခွန်းဖြေဆိုရာမှာ ဘယ်လိုအမှားမျိုးကိုမှ လက်မခံကြောင်းလဲ သတိပြုကြပါ။ ဥပမာအားဖြင့် capital letter နဲ့ရေးထားတာကို small letter နဲ့ ပြန်ရေးမိတာမျိုး မဖြစ်ပါစေနဲ့၊ အနည်းကိန်း၊ အများကိန်း မှားမရေးမိပါစေနဲ့၊ plural number ဖြစ်ရမှာကို 's' ကျန်ခဲ့တာမျိုး မဖြစ်ဖို့ပေါ့။ ဒါကြောင့် capital letter နဲ့ small letter ကွဲပြားအောင် ရေးဖို့အပြင် စာလုံးပေါင်းမှန်အောင် ပြန်ရေးဖို့လဲ လိုပါတယ်။

မေးခွန်းနံပါတ်(၃) ကတော့ ကျောင်းသား၊ကျောင်းသူတို့ရဲ့ မှတ်သားနိုင်မှု စွမ်းရည်ကို စစ်ဆေးတဲ့ မေးခွန်းပုံစံဖြစ်တယ်။ Item (၁၀)ခုမေးထားပြီးတော့ ကွက်လပ်(၁၀)ခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ပထမကွက်လပ်(၅)ခုက text မှာပါတဲ့ Unit (၁၅)ခုထဲက ကောက်နုတ်ချက်တွေ ဖြစ်ပြီး၊ ကျန်ကွက်လပ် (၅)ခု ကတော့ ကဗျာ(၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေဖြစ်တယ်။

ဒီမေးခွန်းဟာ ကျောင်းသား၊ ကျောင်းသူတွေရဲ့ သင်ယူထားတဲ့ အချက်အလက်တွေကို နားလည်မှတ်သားနိုင်မှုစွမ်းရည် ရှိမရှိကို စစ်ဆေးတာဖြစ်တယ်။ မေးထားတဲ့ ဝါကျပေါ် မှာမူတည်ပြီး၊ text ထဲက လေ့လာထားတဲ့ အချက်အလက်တွေထဲက သင့်တော်တဲ့အချက်တွေကို စဉ်းစားဖြည့်ထည့်ပေးရမှာ ဖြစ်တယ်။ ဥပမာ - text ထဲမှာ Captain Keller explained, "We can't have any peace and quiet unless we give her what she wants." Annie said, "That's exactly the point. This child is spoilt" လို့ပေးထားပေမယ့် မေးထားတဲ့ဝါကျဟာ Annie said that Helen was .... because her parents let her do whatever she wanted. ဖြစ်မယ်ဆိုရင် ကွက်လပ်ထဲမှာspoilt လို့ပဲ ဖြေရမှာဖြစ်တယ်။

ကဗျာကောက်နုတ်ချက်တွေကို ဖြေဆိုရာမှာလည်း တိတိကျကျ ပြန်လည်ဖော်ပြမှုကိုပဲ လိုချင်တဲ့အတွက် စာလုံးပေါင်း မှားယွင်းမှု မဖြစ်အောင် သတိထားကြပါ။ နောက်ပြီး ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးထဲ ဖြည့်ရတာရှိသလို၊ စကားစုဖြည့်ရတာမျိုးလဲ ရှိတာကို သတိပြုပါ။

မေးခွန်းနံပါတ်(၄) မှာပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှုရှိ မရှိ စစ်ဆေးနိုင်တဲ့ မေးခွန်း(၅)ခု မေးထားပါတယ်။

မေးခွန်းနံပါတ်(၄)ရဲ့ item (1) နဲ့ item (2) ကတော့ text မှာပါတဲ့ Unit (၁၅)ခု ထဲက အချက်အလက်တွေကို ကောက်နုတ် မေးတဲ့မေးခွန်းတွေ မေးမှာပဲဖြစ်တယ်။ ဒီ item (1) နဲ့ item (2) နှစ်ခုစလုံးမှာ choice တွေလဲပေးထားမှာဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေဟာ ကြိုက်နှစ်သက်ရာ တစ်ခုစီကိုသာရွေးပြီး အချက်အလက်ရော သဒ္ဒါပါ မှန်ကန်တဲ့ အဖြေစာကြောင်းတွေနဲ့ ဖြေကြားရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ကောင်းကောင်းမွန်မွန် ဖြေဆိုနိုင်ဖို့ Unit (၁၅)ခုလုံးပါ အကြောင်းအရာ အချက်အလက်တွေကို အသေးစိတ်ဖတ်မှတ်ထားဖို့ လိုပါတယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item (3) နဲ့ item (4) မှာမေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲမှာ ပထမတစ်ခုကတော့ Who said these words and to whom were they said? Which story are the

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှ

words from? သို့မဟုတ် Who said these words and to whom were they said? What do they mean? ပုံစံမျိုး ဖြစ်တယ်။ ဒီမေးခွန်းတွေရဲ့ အောက်မှာ Unit (၁၅)ခုထဲက စကားပြောတစ်ခုကို ကောက်နုတ်ဖော်ပြ ပေးထားလိမ့်မယ်။ ဒီစကားပြောက ဘယ်သူက ဘယ်သူ့ကို ပြောတာလဲ။ ဘယ် story ထဲကကောက်နုတ်ထားတာလဲ ဆိုတာကို တိတိကျကျ ဖြေပေးရမှာ ဖြစ်တယ်။ What do they mean? ဆိုတဲ့ မေးခွန်းကတော့ ဒီပြောစကားဟာ ဘာကိုဆိုလိုတာလဲလို့ မေးတာမို့လို့ အဲဒီမေးထားတဲ့ စကားပြောရဲ့ အကြောင်းအရာ အဓိပ္ပာယ်ကို ပြန်လည်ရှင်းလင်းရေးသား ပေးရမှာ ဖြစ်တယ်။

မေးနိုင်တဲ့အလားတူ မေးခွန်းပုံစံတွေကတော့ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to? ဆိုတဲ့ မေးခွန်းမျိုးနဲ့ What is the title of the unit from which the sentence is taken? What does the following sentence mean? ဆိုတဲ့ မေးခွန်းမျိုးဖြစ်တယ်။ မေးခွန်းရဲ့ အောက်မှာ Unit (၁၅)ခုထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပေးထားပါလိမ့်မယ်။

What is the title of the unit from which the sentence is taken? ဆိုတဲ့မေးခွန်းကို ဖြေဆိုရာမှာ Unit Number ဖြေဆိုယုံနဲ့ မရပါဘူး။ အဲဒီ Unit ရဲ့ ခေါင်းစဉ်ကိုလဲ မှန်မှန်ကန်ကန် ရေးပေးရမှာ ဖြစ်ပါတယ်။ ဥပမာ- The title of the unit from which the sentence is taken is Unit 1 : The Calendar စသဖြင့် ရေးပေးရမှာဖြစ်တယ်။ စာလုံးပေါင်းမှန်မှန်နဲ့ article 'the' ပါမကျန် ပြည့်ပြည့်စုံစုံ ရေးပေးရမှာ ဖြစ်ပါတယ်။ What does the word underlined in the sentence refer to? လို့မေးထားပြီး အောက်ကထုတ်နုတ်ပေးထားတဲ့စာကြောင်းမှာ စကားလုံး တစ်လုံးကို မျဉ်းသားပေးထားရင် အဲဒီစကားလုံးဟာ ဘာကိုရည်ညွှန်းတယ်ဆိုတာ ဖြေဆိုရမှာ ဖြစ်တယ်။ What does the following sentence mean? ဆိုတဲ့ မေးခွန်းဆိုရင်လဲ မေးခွန်းရဲ့ အောက်က ထုတ်နုတ်ပြထားစာကြောင်းရဲ့ဆိုလိုရင်းကို မေးတာဖြစ်တယ်။ အဲဒီစာကြောင်းထဲမှာ it တို့ we တို့ they တို့ စသဖြင့် pronoun တွေပါခဲ့ရင် အဲဒါတွေဟာ ဘာကိုညွှန်းတယ်ဆိုတာ အဖြေဝါကျထဲမှာ သဲသဲကွဲကွဲ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့ကတော့ Text ထဲက စာပိုဒ်တွေကို ကျေကျေညက်ညက် နားလည်သိရှိထားဖို့ အထပ်ထပ်အခါခါ ဖတ်မှတ် ထားဖို့ပဲ ဖြစ်ပါတယ်။

ဒီမေးခွန်းနံပါတ်(၄)ရဲ့ item (5) ကတော့ ကဗျာတစ်ခုထဲက စာကြောင်းအချို့ကို ဖော်ပြထားပြီး ဆိုလိုရင်းအဓိပ္ပာယ်ကို ရေးခိုင်းတာပဲဖြစ်တယ်။ ဒီမေးခွန်းတွေကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း နားလည်ပြီး ဆိုလိုရင်းကို ထိထိမိမိရေးပြတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။

မေးခွန်းနံပါတ်(၅) ကတော့ မေးခွန်းနံပါတ်(၁)ရဲ့ဒုတိယမေးခွန်းလိုပဲ Unit(၁၅)ခုထဲက passage တစ်ခုပေးထားပြီး မေးခွန်း(၅)ခုကို ဖြေခိုင်းမှာဖြစ်တယ်။ စာကို ကျွမ်းကျင်စွာ ဖတ်တတ်မယ်ဆိုရင် ရေးထားတဲ့အကြောင်းအရာတွေကို ရှင်းရှင်းလင်းလင်း နားလည်ပြီး၊ မေးထားတဲ့မေးခွန်း အတွက် ဖြေဆိုရမယ့် လိုအပ်တဲ့အချက်အလက်တွေကို ရှာဖွေရွေးထုတ်ဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။ ဒီမေးခွန်းကို ကောင်းစွာ ဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ထဲက စာပိုဒ် passages တွေကို ကျေကျေ ညက်ညက် ဖတ်ထားပြီး မေးထားတဲ့မေးခွန်းအမျိုးမျိုးအတွက် ကိုက်ညီတဲ့ အချက်အလက်တွေကိုသာ ရွေးထုတ်ပြီး၊ သဒ္ဒါမှန်မှန်နဲ့ဖြေဆိုတတ်အောင် များများလေ့ကျင့် ထားရမှာဖြစ်တယ်။

မေးခွန်းနံပါတ်(၆) ကတော့ Punctuation နဲ့ဆိုင်တဲ့မေးခွန်းဖြစ်ပါတယ်။ comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark တွေကို မှန်မှန်ကန်ကန် သုံးစွဲတတ်၊ မတတ်စစ်ဆေးမှာဖြစ်တယ်။ ဒီမေးခွန်းမှာ ပြဋ္ဌာန်းစာအုပ်ထဲက စာကြောင်းတွေအပြင် ပြဋ္ဌာန်းစာအုပ်ထဲမှာမပါတဲ့ ဝါကျတွေကိုလဲ မေးနိုင်ပါတယ်။ အဓိကကတော့ punctuation mark တွေဟာ ဘာတွေလဲ၊ ဘယ်လိုနေရာမှာ သုံးရမလဲ ဆိုတာ သိထားဖို့အရေးကြီးတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် text ထဲက ဝါကျတွေကို အလွတ်ကျက်မှတ်ဖို့ မလိုပါဘူး။ အလေ့အကျင့် များများလုပ်ပေးဖို့ပဲ လိုပါတယ်။

မေးခွန်းနံပါတ်(၇) မှာ အပိုင်း ၂ ပိုင်းပါဝင်ပါတယ်။

မေးခွန်းနံပါတ်(၇)ပထမပိုင်း VII A က Stylistic Transformation လို့ခေါ်ပါတယ်။ ပေးထားတဲ့စာကြောင်း(၁၀)ခုကို အဓိပ္ပာယ်မပြောင်းလဲစေပဲ၊ ပြန်ရေးဖို့စပေးထားတဲ့ စကားလုံးတွေနဲ့ different sentence structure သုံးပြီး ပြန်ရေးပေးရမှာ ဖြစ်တယ်။ ဒီလိုအဓိပ္ပာယ် မပြောင်းပေမယ့် ရေးသားတည်ဆောက်ပုံခြင်း မတူတဲ့ဝါကျတွေ ပြန်ရေးခိုင်းတဲ့ လေ့ကျင့်ခန်းမျိုးတွေ ပြဋ္ဌာန်းစာအုပ်ထဲမှာ ပါရှိပြီး ဖြစ်တဲ့အတွက် အဲဒီ Grammar Exercise တွေကို များများလေ့ကျင့်ထားရင် ဒီအပိုင်းကို ကောင်းကောင်းဖြေဆိုနိုင်ကြမှာ ဖြစ်တယ်။ ဒ့ါအပြင် Stylistic Transformation ကို ပိုင်နိုင်ကျွမ်းကျင်ရင် အခြားသူများရေးသားထားတဲ့ စာစီစာကုံးတွေကိုတောင်မှ မိမိစကား၊ မိမိကိုယ်ပိုင် ရေးသားဟန်နဲ့ ပြန်ရေးနိုင်မှာ ဖြစ်တယ်။

မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း VII B ကတော့ **paragraph writing** ဖြစ်တယ်။ ပေးထားတဲ့ prompt တွေကိုသုံးပြီး စာပိုဒ်တိုလေး တစ်ပိုဒ်ရေးရမှာဖြစ်တယ်။ ဒီနေရာမှာ ကြိုတင်ပြင်ဆင်ရေးသားပြီး၊ ကျက်မှတ်ထားတာတွေကို ဘာမှမစဉ်းစားပဲ ချရေးလိုက်ကြတာမျိုး မလုပ်ပါနဲ့။ prompt တွေထဲမှာ မပါတာတွေ၊ မလိုတာတွေ ထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompt တွေအားလုံးကို ပြန်သုံးပြီးရေးရမှာမို့လို့ prompt တွေသုံးပြီး၊ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။

မေးခွန်းနံပါတ်(၈) ကတော့ letter writing ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ choice (၃)ခုပေးထားပါတယ်။ ကြိုက်နှစ်သက်ရာတစ်ခုကို ရွေးချယ်ပြီး ဖြေဆိုရမှာ ဖြစ်တယ်။ ဒီမေးခွန်းကို ဖြေဆိုရာမှာ သတိပြုရမယ့်အချက်တွေကတော့ ပေးထားတဲ့ညွှန်ကြားချက်တွေကို သေသေချာချာ ဖတ်ဖို့ပဲဖြစ်တယ်။ ဒီနေရာမှာ-

(၁) စာရေးမယ့်သူက ဘယ်သူလဲဆိုတာ ရှာပါ။

(၂) ဘယ်သူ့ဆီကိုရေးရမလဲဆိုတာကြည့်ပါ။

(၃) ဘာအကြောင်းအရာရေးရမလဲဆိုတာ အရင်သေသေချာချာ ဖတ်ပါ။

ဒီလိုအချက်အလက်တွေကို သေသေချာချာလေ့လာပြီးမှ စာကိုစရေးပါ။ အလွတ်ကျက်ထားတဲ့ စာတွေကို ချရေးပေးလိုက်တာမျိုး မလုပ်ပါနဲ့။ အလွတ်ကျက်ထားတဲ့စာတွေထဲမှာ စာမေးပွဲမှာ ရေးခိုင်းတဲ့စာနဲ့ တူတဲ့အကြောင်းအရာပါရင်တောင် တစ်ကြောင်း၊နှစ်ကြောင်း လောက်ပဲ သက်ဆိုင်တာပါမယ်။ ရေးရမည့်အကြောင်းရင်းကိုမသိပဲ အလွတ်ကျက်ထားတာတွေအားလုံး ချရေးပြီး ဖြေတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး၊ လိုရင်းအချက်အားလုံးပါမှ အမှတ်ကောင်းကောင်းရမယ်။ letter writing ရေးသားရာမှာ ရေးခိုင်းတဲ့ အကြောင်းအရာက အဓိကဖြစ်ပါတယ်။ ရေးခိုင်းတဲ့ အကြောင်းအရာ message မပါပဲ letter ရဲ့ format ကို ချရေးရုံနဲ့ အမှတ်မရနိုင်ပါဘူး။ ဒ့ါအပြင် letter ကို ပြီးဆုံးအောင်မရေးခဲ့ရင်လည်း မပြီးပြည့်စုံတဲ့ incomplete letter ဖြစ်လို့ အမှတ်မရနိုင်ပါဘူး။

ဒီမေးခွန်းမှာ choice (၃)ခုပေးထားတာကြောင့် ကိုယ်အပိုင်နိုင်ဆုံး၊ အရေးနိုင်ဆုံးမေးခွန်း တစ်ခုကိုသာ ရွေးချယ်ပြီး ပေးစာရေးရမှာ ဖြစ်တယ်။ ကိုယ်ရွေးလိုက်တဲ့ မေးခွန်းကို သေသေချာချာ ဖတ်ပြီးမှ စာရေးမယ့်သူက ဘယ်သူလဲ၊ ဘယ်သူ့ကို ဘာအကြောင်းအရာ ရေးရမှာလဲဆိုတာတွေကို မမှားမယွင်းရလေအောင် စစ်ဆေးထည့်သွင်း ရေးသားကြရမှာ ဖြစ်ပါတယ်။ ဒီလိုအချက်အလက်တွေကို သေသေချာချာလေ့လာပြီးမှ letter ကိုစရေးပါ။

Study guide တွေ၊ journal တွေထဲက letter တွေ၊ essay တွေကို အလွတ်ကျက်ပြီး ရေးချကြရင်လည်း အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။ study guide တွေ journal တွေထဲက letter တွေ essay တွေဟာ နမူနာရေးသားပြထားတာပါ။ ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ အဲဒီ study guide တွေ၊ journal တွေထဲက letter တွေ၊ essay တွေကို လေ့လာအတုယူပြီး၊ ကိုယ့်စကား၊ ကိုယ့်အတွေးအခေါ်တွေနဲ့ ပြန်ရေးကြည့်ထားကြဖို့ လိုပါတယ်။

နောက်ပြီး အမှတ်အနည်းအများဟာ စာမျက်နှာများတာ နည်းတာထက် လိုအပ်တဲ့ message တွေပါဖို့၊ စာအရေးအသားကောင်းမွန်ဖို့ grammar မှန်ဖို့က အဓိကကျပါတယ်။ ဥပမာ You are **Win Mg**. You live at **No.50, Pyay Road, Yangon**. Write a letter to your cousin, telling him how you are going to spend your holiday usefully, and also telling him to do the same. ဆိုတဲ့ letter ကိုရေးမယ်ဆိုရင် ပါရမယ့်အချက်တွေက telling him how you are going to spend your holiday usefully ဆိုတဲ့အတွက် အားလပ်ရက်ကို ဘယ်လိုအကျိုးရှိရှိ သုံးမယ်ဆိုတဲ့အချက်ကို သင့်ဝမ်းကွဲ အစ်ကို သို့မဟုတ် ညီကို ပြောပြဖို့ရယ်၊ also telling him to do the same ဆိုတဲ့အတွက် သူ့ကိုလည်း သင့်လိုပဲ အားလပ်ရက်ကို အကျိုးရှိရှိသုံးဖို့ ပြောပြဖို့ လိုပါတယ်။ ဒီလိုအပ်တဲ့ message တွေ အကုန်ပါရမယ့်အပြင်telling himဆိုတဲ့အတွက် သင့်ဝမ်းကွဲ အစ်ကို သို့မဟုတ် ညီဖြစ်ဖို့ရယ်၊ usefully ဆိုတဲ့အတွက် အားလပ်ရက်ကို အကျိုးရှိရှိ သုံးတာမျိုး ဖြစ်ဖို့တွေ လိုအပ်သလို grammar မှန်ဖို့ စာအရေးအသားကောင်းမွန်ဖို့တွေလည်း လိုအပ်ပါတယ်။ grammar မှန်ဖို့ဆိုရာမှာ tense မှန်ဖို့လည်းလိုပါတယ်။ ဥပမာ You are **Khwa Nyo**. You live at **No.15, Main Road, Maubin**. Write a letter to your friend **Sabai**, telling her about an English Grammar book you are sending her and why you are doing so. ဆိုတဲ့ပေးစာကို ဖြေမယ်ဆိုရင် telling her about an English Grammar book you are sending her ဆိုတဲ့ အတွက် Past tense သုံးပြီး Grammar book ပို့ပြီး သလို ရေးလိုက်မယ်ဆိုရင် tense မမှန်တော့ပါဘူး။ ဒါကြောင့် letter မှာ ပါရမယ့်အချက်တွေကို သေသေချာချာ ဖတ်ပြီး ပြည့်ပြည့်စုံစုံ တိတိကျကျ ရေးသားကြရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၉) ကတော့ essay writing ဖြစ်ပါတယ်။ **Write an essay of** three paragraphs **on ONE of the following** ဆိုပြီးပေးထားတဲ့ ခေါင်းစဉ်(၃)ခုထဲက မိမိအပိုင်နိုင်ဆုံးနဲ့ အရေးနိုင်ဆုံးတစ်ခုကို ရွေးချယ်ရေးသား စီကုံးကြရမှာ ဖြစ်တယ်။ ရွေးချယ်တဲ့ခေါင်းစဉ်နဲ့ ဆီလျော်တဲ့အကြောင်းအရာကို ရေးသားဖို့လည်းလိုပါတယ်။ ခေါင်းစဉ်နဲ့ရေးသားတဲ့အကြောင်းအရာ ကိုက်ညီမှုမရှိရင် irrelevant essay ဖြစ်တဲ့အတွက်ကြောင့် အမှတ်မရနိုင်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ ဝါကျများကို အင်္ဂလိပ်လို မှန်မှန်ကန်ကန်ရေးနိုင်၊ ဖွဲ့စည်းနိုင်ပြီလို့ ယူဆပါတယ်။ အကြောင်းအရာ အချက်အလက် တစ်ခုကို အဓိပ္ပာယ်တူဝါကျအမျိုးမျိုးနဲ့ လှည့်ပတ်ရေးနိုင်ကြပြီလို့လည်း ယူဆပါတယ်။ ဒီလိုရေးတတ်ရင် essay ရေးရာမှာ အများကြီးအထောက်အကူ ပြုပါတယ်။ သဒ္ဒါကိုလဲမနိုင်၊ ဝါကျကိုလည်းမှန်မှန်ကန်ကန် မရေး နိုင်ကြတဲ့ ကျောင်းသား၊ကျောင်းသူတွေဟာ essay နဲ့ letter တွေကို အလွတ်ကျက်ပြီး ဖြေဆိုကြတာ တွေ့ရတယ်။ တကယ်တော့ အလွတ်ကျက်မှတ်လို့ ကုန်တဲ့အချိန်နဲ့ မိမိဖာသာရေးလို့ ကုန်မယ့်အချိန်ဟာ အတူတူလောက်ပဲ ဖြစ်ပါတယ်။ မိမိကိုယ်ပိုင်ရေးတဲ့ လေ့ကျင့်မှုရဲ့အားသာချက်ကတော့ ရေးရင်းရေးရင်း နဲ့အမှားကို သိလာတယ်။ ပြင်တတ်လာတယ်။ ပြီးတော့ ရေးရင်းရေးရင်းနဲ့ မိမိရေးဟန်ကို ပြင်တတ်လာမှာဖြစ်တယ်။ အဓိကကတော့ လေ့ကျင့်မှုတွေ အများကြီးလုပ်ကြဖို့ပဲ ဖြစ်တယ်။

တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ essay နဲ့ letter တွေကို ကောင်းကောင်းရေးနိုင်ဖို့ သိရှိထားသင့်တဲ့ အချက်အလက်တွေကတော့ -

(၁) အချက်အလက်မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့်အကြောင်းအရာနဲ့ စပ်လျဉ်းတဲ့အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားနိုင်ခြင်းပဲ ဖြစ်တယ်။

(၂) သက်ဆိုင်မှုရှိခြင်း။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးခဲ့ရင်သက်ဆိုင်မှု မရှိဘူးလို့ သတ်မှတ်လို့ အမှတ်မရနိုင်ဘူး။ ဒ့ါကြောင့် မိမိရေးရမယ့် အကြောင်းအရာနဲ့ သက်ဆိုင်တာကိုပဲ ရေးရမှာ ဖြစ်တယ်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံမှ တာဝန်ယူ တည်ဆောက်လျက်ရှိသော ငွေလုံးငွေရင်းနှင့် စီမံကိန်းလုပ်ငန်း (မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ လေအေးပေးစက် တပ်ဆင်ခြင်းလုပ်ငန်း)အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြေညာအပ်ပါသည်။

(က)	Roof Type Air Handling Unit	4-set
(ခ)	Exhaust Fan (Ventalation System)	15-set
(ဂ)	Supply Air Grille (Diffuser)	107-set
(ဃ)	Return Air Grille (Diffuser)	55-set
(င)	GI Plain Sheet (22 Gauge) (8 ' x 4 ')	950-sht
(စ)	GI Plain Sheet (20 Gauge) (8 ' x 4 ')	650-sht
(ဆ)	Glass Wool Insulation	750-roll
(ဇ)	Flexiable Duct	1400-rft

၂။ တင်ဒါပိတ်ရက်မှာ ၂၆-၂-၂၀၀၇ ရက်ဖြစ်ပြီး အသေးစိတ်သိလိုပါက ရောင်းဝယ်ရေးဌာန ဖုန်းနံပါတ် ၀၁-၅၆၀၆၈၇၊ ၀၆၇-၄၀၈၃၄၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အထွေထွေနှင့်
ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ မြေကွက်အမှတ်(၂၅၁)၊ ဧရိယာဧက ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်များကို မြေအမည်ပေါက် **ဒေါ်တင်တင်မေ** ၁၄/ဟသတ(နိုင်)၀၅၇၀၇၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင် လက်ရောက်လွှဲပြောင်းလျက် မှတ်ပုံတင်စာချုပ် ချုပ်ဆိုဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်သူမည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ **၎င်းရက်ကျော်လွန်ပါက လက်ခံစဉ်းစားမည်မဟုတ်ဘဲ အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။** ညွှန်ကြားချက်အရ-

ဦးအောင်မြတ်ထွဋ် H.G.P., LL.B (တရားရုံးချုပ်ရှေ့နေ)
ဒေါ်အေးဥမ္မာမင်း LL.B (အထက်တန်းရှေ့နေ)
ဒေါ်ဝန်နီလှိုင် LL.B.,D.M.L (အထက်တန်းရှေ့နေ)
အမှတ်(၉/၁၁) (ပထမထပ်)၊ အခန်း(၁၀၄) (ဒီ)၊
၃၆ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

[illegible]

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်တိုင်း တရားရုံးတော်၌
၂၀၀၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၇

ဦးဒီရာ(ဂျ)လာ(လ်)ဆက်(ဂ်)ပါး(လ်)
အမှတ် ၁၆၈၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်း။ **လျှောက်ထားသူ**

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း၊ အမှတ်-၂၅၆၌ နေထိုင်ခဲ့ဖူးသော ကွယ်လွန်သူဒေါ်အမရတ်၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဒီရာ(ဂျ)လာ(လ်) ဆက်(ဂ်)ပါး(လ်)က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၇ခုနှစ် မတ်လ ၁ရက်(၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁၄ရက်နေ့)နံနက် ၁၀နာရီအချိန်တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူဒေါ်အမရတ်၏ ကျန်ရစ်သောပစ္စည်းများအပေါ်တွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟု အဆိုရှိသူ ခပ်သိမ်းသူတို့အား အဆိုပါအမှုတွင် ဆိုခဲ့သော ၂၀၀၇ခုနှစ် မတ်လ၁ရက်(၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁၄ရက်နေ့)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း လာရောက်ရင်ဆိုင်ရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းမှတ်ရာများကို ကြည့်ရှုရန်အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၃၈နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုခုပျက်ကွက်ခဲ့ လျှင် ရုံးတော်ကဆိုခဲ့သော လျှောက်ထားသူ ဦးဒီရာ(ဂျ)လာ(လ်)ဆက်(ဂ်)ပါး(လ်)၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းညွှန့်နွယ်
တွဲဖက်တိုင်းတရားသူကြီး(၇)
ရန်ကုန်တိုင်းတရားရုံး။

ပြင်ဆင်ချက်

၁၂-၂-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့ အထည်အလိပ်လုပ်ငန်း၊ အင်းစိန် ဓာတ်စက်ရုံအမှတ်(၂၀)မှ နိုင်ငံခြားငွေဖြင့်ဝယ်ယူမည့် စက်ပစ္စည်းများအတွက် ချိပ်ပိတ်တင်ဒါကြော်ငြာတွင် ဖော်ပြထားသော တင်ဒါပေးသွင်းရမည့် နောက်ဆုံးရက် ၂၀-၂-၂၀၀၇ရက်ကို ၂၆-၂-၂၀၀၇ ရက်ဟု ပြင်ဆင်ပါသည်။ **မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန။**

အရောင်းတင်ဒါကြော်ငြာ(၂/၂၀၀၆-၂၀၀၇)

ရောင်းချမည့်ပစ္စည်း

(၁)	၁ ဒသမ ၀ လီတာ	Proform အပျက်	၅၈၁ ခု
(၂)	၀ ဒသမ ၆ ။	။	၃၁၂ ။
(၃)	၁ ဒသမ ၀ ။	P.E.T ဘူးပျက်	၄၅၂၀၀ ဘူး
(၄)	၀ ဒသမ ၆ ။	။	၅၃၀၀ ။
(၅)	၀ ဒသမ ၃၅။	။	၁၁၀၀၀ ။
(၆)	ကော်တုံးကော်ခဲများ		၄၀၈ပေါင်

တင်ဒါပိတ်ရက်နှင့်အချိန် ၂၆-၂-၂၀၀၇ ရက် (၁၄:၀၀)နာရီ

တင်ဒါနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို မြန်မာ့စား သောက်ကုန်လုပ်ငန်း၊ ဒဂုန်အချိုရည်နှင့်ရေခဲစက်၊ အမှတ် ၃၃၅/၃၄၉ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းပြီး တင်ဒါစည်းကမ်းနှင့် ပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

ကျော်ထွန်း
စက်ရုံမှူး
ဒဂုန်အချိုရည်နှင့် ရေခဲစက်
ဖုန်း-၅၃၇၉၂၄၊ ၅၀၂၇၀၉။

တစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး
ဒေါ်ခင်ပိုသိန်း
(စစ်ကိုင်း)

မမျှော်လင့်ဘဲ မေမေ သားတို့မိသားစုနဲ့ ခွဲခွာသွားတာ ၁၉-၂-၂၀၀၇ ရက်မှာ တစ်နှစ်ပြည့်ခဲ့ပေမယ့် မေမေရဲ့ အေးမြတဲ့ မေတ္တာနဲ့ ကျေးဇူးတရားတွေကို တစ်နေ့မှ မေ့မရဘဲ ယနေ့ထိတိုင် တမ်းတ သတိရဆဲပါ။ မေမေအတွက် ရည်စူး၍ နေ့စဉ်နဲ့အမျှ ပြုလုပ်တဲ့ ကောင်းမှုကုသိုလ်အစုစုကို အမျှပေးဝေပါတယ်။ မေမေ မြင့်မြတ်ရာဘုံဘဝက သာဓု ခေါ်ဆိုနိုင်ပါစေ။

ချစ်သော -

ခင်ပွန်း - ဗိုလ်ကြီးကံညွန့်
သမီးကြီး- မကြည်ကြည်ခိုင်
သား - ဗိုလ်ကြီးရဲခိုင်-ဒေါက်တာ ဝေမွန်ငြိမ်းချမ်း
သမီးငယ်- မနှင်းစုခိုင်
မြေး - ဘောဘီဝေမွန်ငြိမ်းချမ်း။

ညှိနှိုင်းဈေးဖြင့်ရောင်းမည်

ဒဂုံတောင်(၂၀)ဈေးရှေ့ B.N နှစ်ထပ်တိုက်၊ ဆိုင်ခန်းနှင့်တွဲလျက်၊ (44ပေ x 60) ပွဲစားမလို၊

ဖုန်း-၂၅၆၈၈၅။

အမွေပြတ် စွန့်လွှတ်ခြင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ်၊ မော်တောကျေးရွာနေ ဦးကြည်ဝင်း ၁၂/ကမန(နိုင်) ၀၂၅၃၀၈ နှင့် ဒေါ်ခင်မြဝင်း ၁၂/ကမန (နိုင်) ၀၂၅၂၅၇ တို့၏သမီး မမြင့်သက်မွန် ၁၄/ဖပန(နိုင်)၁၃၂၈၂၆ သည် မိဘများ စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး ခွင့်မလွှတ်နိုင်သောအပြစ် ပြုလုပ်၍ (၁၁-၂-၂၀၀၇)ရက် နေ့တွင် နေအိမ်မှ ထွက်ခွာသွားသဖြင့် ယနေ့မှစ၍ မမြင့်သက်မွန်အား အမွေခံသမီးအဖြစ်မှ လုံးဝစွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်း၊ မမြင့်သက်မွန်နှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်မယူကြောင်း ဦးကြည်ဝင်းနှင့် ဒေါ်ခင်မြဝင်းတို့၏ ညွှန်ကြားချက်အရ ကြေညာလိုက်သည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါရန်)

လွှဲအပ်ချက်အရ-

ဦးညွန့်ကြည်
B.A, D.M.A, R.L
တရားရုံးချုပ်ရှေ့နေ
တိုက်-၁၀၊ ဝေဠုဝန်အိမ်ရာ၊
စမ်းချောင်းမြို့နယ်၊
ဖုန်း-၅၀၁၇၀၄၊ ၅၀၂၇၀၃။

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကသည်းအုပ်စု ကမ္ဘာအေးရပ်ကွက် ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ရေဦးကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဟန်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဝင်းနိုင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကူမားတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အမာခံ ဂဝံလမ်းမှ ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်

သနပ်ပင် ဖေဖော်ဝါရီ ၅

ပဲခူးတိုင်း သနပ်ပင်မြို့ ဈေးပိုင်းရပ်ကွက်အတွင်း အရှည်ပေ ၉၀၀ရှိ နှင်းဆီလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ အမာခံဂဝံလမ်းမှ အဆင့်မြင့်ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၀ရက်က သနပ်ပင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေတို့က လုပ်ငန်းကို ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (၃၄၇)

ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

သပိတ်ကျင်း ဖေဖော်ဝါရီ ၅

သပိတ်ကျင်းမြို့သန့်ရှင်းရေးသာယာရေးလှုပရှားအတွက် ဆိပ်ကမ်းရပ်ကွက်အတွင်း ဇန်နဝါရီ ၂၇ရက်က အမှိုက်သရိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် မြို့နယ်အမှုဆောင် အရာရှိဦးဂျော့ချ်မျိုးမြင့်တို့က ကြီးကြပ်ပေးကြသည်။ **(အပေါ်ပုံ) (မြို့နယ်စည်ပင်)**

[illegible]

လျှပ်စစ်နှင့် စိုက်ပျိုးရေးကဏ္ဍ၌ အားထားရသည့် မိုးပြဲရေလှောင်တမံ ရေရှည် ခိုင်ခံ့ကောင်းမွန်ရေး စေတနာထားဂရုပြုထိန်းသိမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ကယားပြည်နယ် လွိုင်ကော်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁၇ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့မှ မော်တော်ယာဉ်များဖြင့် လွိုင်ကော်-ပင်လောင်း-တောင်ကြီးလမ်းအတိုင်း ထွက်ခွာလာကြရာ လွိုင်ကော်မြို့နယ် ဝါရီကောခုကျေးရွာအနီး လယ်မြေစိုက်ကွင်း၌ နွေစပါး ရေသွင်းစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

နဂါးဘိလပ်မြေစက်ရုံစီမံကိန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ပင်လောင်းမြို့နယ်ရှိ Dragon Cement Co., Ltd. ၏ နဂါးဘိလပ်မြေစက်ရုံစီမံကိန်း (တီကျစ်) တွင် စက်ရုံအဆောက်အအုံများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စက်မှုဇုန်များမှ ထွက်ကုန်များ ပြည်ပဈေးကွက် ဝယ်လိုအားရှိနေ ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး စက်မှုလုပ်ငန်းရှင်များအား ကူညီပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲပိုင်းတွင် မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီးရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြောင်းတကာ သံမဏိစက်မှုဇုန်နှင့် ရွှေပြည်သာမြို့နယ်ရှိ သာဓုကန်စက်မှုဇုန်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားကာ လိုအပ်သည်များကို ကူညီပံ့ပိုး ဖြည့်ဆည်းပေးသည်။ *စာမျက်နှာ ၉ ကော်လံ ၆* ❒

ခိုင်ခိုင်ဂရု(ပ်)စက်ရုံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရွှေပြည်သာမြို့နယ် သာဓုကန်စက်မှုဇုန်ရှိ ခိုင်ခိုင်ဂရု(ပ်) စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိုးလေဝသအခြေအနေ

၁၉ - ၂ - ၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။